


ကျေးဇူးတော်ရှင် မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဉာဏ်နဲ့မြင်တဲ့ အနိစ္စ
# ပါးစပ်ကမြည်တဲ့ အနိစ္စမဟုတ်ဘူးနော်

၂၃၃

ဟောကြားသည့်နေ့
၂၀ - ၉ - ၆၁

0251

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားသောတရားတော်

# ဉာဏ်ကျက်နဲ့မြင်တဲ့အနိစ္စ
# ပါးစပ်ကမြည်တဲ့အနိစ္စမဟုတ်ဘူးနော်

THITSARPARAMI LIBRARY
ဟောကြားသည့်နေ့
Date ( ၂၈. ၉. ၁၉၆၁ )
★

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားသောတရားတော်

# ဉာဏ်နဲ့မြင်တဲ့အနိစ္စ
# ပါးစပ်ကမြည်တဲ့အနိစ္စမဟုတ်ဘူးနော်

ဟောကြားသည့်နေ့
( ၂၈. ၉. ၁၉၆၁ )

ကိုင်း. . . ဒကာကြွယ် အလုပ်စခန်းပြောမယ်. . . (မှန်ပါ့)၊ ဒကာဒကာမတို့ အလုပ်စခန်းဆိုတာ သာသနာတွင်း မှပေါ်လို့ အလွန်အရေးကြီးတယ်ဆိုတာ မှတ်ရမယ်နော်. . . (မှန်ပါ့)။

## အနိစ္စညည်းပြီး ပုတီးပတ်ရေတွက်နေတယ်

ရှေးကအလုပ်လုပ်ကြတာက ပါးစပ်က အနိစ္စညည်းပြီးပုတီးပတ်တွေကို ရေတွက်ပြီးသကာလနေကြတယ်. . . (မှန်ပဲ့)၊ သညာအလုပ်တွေသာဖြစ်ပြီး ပညာအလုပ်ဖြစ်တာက နည်းပါးတယ်. . . (မှန်ပါ့ဘုရား)။

အခုအခါဖြင့် ဒကာကြွယ်တို့၊ ဒကာသစ်တို့ ပုတီးမကိုင်ချင်နေပါလို့ ဘုန်းကြီးများက သတိပေးလိုက်တယ်နော် . . . (မှန်ပဲ့)၊ ခန္ဓာ့ဖြစ်ပျက်ကို ဉာဏ်ကလိုက်နေလို့ ရှိရင်လဲပြီးတာပဲ. . . (မှန်ပါ့ဘုရား)။

## ခန္ဓာဖြစ်ပျက်ကိုဉာဏ်ကလိုက်နေပါ

ခန္ဓာဖြစ်ပျက်ကို. . . (ဉာဏ်ကလိုက်နေရင်ပြီးပါတယ်ဘုရား)၊ အဲဒီအလုပ်ကိုတဲ့ ဒကာဒကာမတွေ လုပ်နေလို့ရှိရင်ဖြင့် အနိစ္စာနုပဿနာဖြစ်တယ်လို့မှတ်ပါ. . . (မှန်ပဲ့)၊ အဲဒီအနိစ္စာနုပဿနာသည် ဒကာဒကာမတို့ တခြားမဟုတ်ပါဘူး၊ အနိစ္စာနုပဿနာရှုတဲ့ပုဂ္ဂိုလ်သည်ကားဆိုလို့ရှိရင်ဖြင့် အလွန်ကျေးဇူးများတယ်. . . (မှန်ပဲ့)၊ ဘယ်လိုကျေးဇူးများသတုံးဆိုတော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်လိုက်တဲ့အတွက် ကိုယ့်ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ရောက်ပါတယ်. . . (မှန်ပါဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့အတွက် ကိုယ့်ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ရောက်တယ်. . . (မှန်ပါဘုရား)။

## လိုချင်၊ ရချင်တဲ့တဏှာပါးသွားတယ်

အဲဒါ အနိစ္စသညာကိုပွားများပါများပြီး အနိစ္စ၊ ဖြစ်ပျက်တွေကို ဒကာဒကာမတွေက ဉာဏ်နဲ့ကြည့်ကြည့်၊ ကြည့်ကြည့်နေလို့ရှိရင်ဖြင့်တဲ့ ဘာလိုချင်တယ်၊ ဘာရချင်တယ်ဆိုတဲ့ တဏှာဟာပါးပါး ပါးပါးသွားတာပဲ. . . (မှန်ပါ့ဘုရား)။

ဘာလိုချင်တယ် ဘာရချင်တယ်ဆိုတဲ့ တဏှာသည် ပါးပါး ပါးပါးပြီးသကာလ ကြာတော့ပျောက်တယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့်. . . အနိစ္စသညာ ပွားခြင်းသည် ဒကာဒကာမတို့ တဏှာပါးတယ်. . . (မှန်ပါ့ဘုရား)။

အနိစ္စသညာပွားရင်. . . (တဏှာပါးပါတယ်ဘုရား)၊ တဏှာပါးတယ်လို့ ဘုန်းကြီးတို့ဒကာဒကာမတွေက မှတ်ပါနော်. . . (မှန်ပါ)။

တကယ်လို့ အာရုံတွေမြင်ရပြန်လို့ စားစရာကောင်းကောင်းတွေ၊ ကြည့်စရာကောင်းကောင်းတွေ မြင်ပြန်လဲ အနိစ္စသညာ ပွားနေတဲ့ပုဂ္ဂိုလ်ဟာ၊ အနိစ္စအလုပ်ကိုလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ စက်ဆုပ်ဖွယ်အဖြစ်နဲ့လဲ မြင်လာတတ်တယ်. . . (မှန်ပါ့)၊ ရှင်းပြီ. . . (မှန်ပါ့)။

ဒါဖြင့်. . . အနိစ္စသညာကိုပွားတဲ့ပုဂ္ဂိုလ်များသည် တဏှာပါး၍စက်ဆုပ်ဖွယ်အမြင်များတတ်ပါသည်. . . (မှန်ပါ့)။

## တဏှာပါးတယ်ဆိုတာ

တဏှာပါးတယ်ဆိုတာကတော့တခြားမဟုတ်ပါဘူး၊ ဘာဖြစ်ဖြစ် လူ့ပြည်၊နတ်ပြည်လဲမလိုချင်ဘူး၊ စီးပွားဥစ္စာရတနာလဲမရချင်တော့ဘူး. . . ဆိုပြီးသကာလ ဒီလိုဖြစ်ပေါ်လာတာသည် ဒကာကြွယ်တို့ ဒကာသစ်တို့ တဏှာပါးတာလို့မှတ်ပါ. . . (မှန်ပါ့)။

ရလဲမထူးပါဘူးကွာ၊ မရလဲမထူးပါဘူးဆိုတဲ့ ဒီအသံထွက်လာလို့ရှိရင် ကိုယ့်သန္တာန်မှာ တဏှာပါးတယ်လို့သာမှတ်ပါ. . . (မှန်ပါ့)။

ဒီတဏှာပါးတာလဲ တခြားကြောင့်ပါးတယ်. . . လို့ ဒကာဒကာမတွေမယူလိုက်နဲ့၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စကလေးတွေ မြင်ပါများလို့ ပါးတယ်မှတ်ပါ. . . (မှန်ပါ့)။

ဖြစ်ပြီးပျက်တဲ့ အနိစ္စကလေးတွေ. . . (မြင်ပါများလို့ ပါးပါတယ်ဘုရား)။

## စက်ဆုပ်စရာတွေလို့ဉာဏ်ကပွားလာတယ်

ပါးလာတဲ့အခါကျတော့ ဘာပဲကြည့်လိုက်၊ ကြည့်လိုက် ဩော်. . . စက်ဆုပ်စရာတွေပါကလား. . . ၊စက်ဆုပ်စရာတွေပါကလား၊ ရွံ့မုန်းစရာပါတွေပါကလား ဆိုတာလဲ ဒကာသစ် တိုးချဲ့ပြီးဉာဏ်ကပွားလာတယ်. . . (မှန်ပါ့)၊ သ

ဒါဖြင့်. . . ဒကာဒကာမတို့ အနိစ္စများများပွားတဲ့ ပုဂ္ဂိုလ် တဏှာပါး၍ မြင်တိုင်းအာရုံတွေ စက်ဆုပ်စရာလို့ အထင်များလာတယ်လို့ မှတ်လိုက်ပါ. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီးနော်. . . (ရှင်းပါပြီဘုရား)။

ဒါက အင်္ဂုတ္တိုရ် ပါဠိတော်ကြီးမှာ ဒကာဒကာမတို့ ဒီလိုလာတယ်နော်. . . (မှန်ပါ့)၊ တဏှာလဲပါးတယ်ကွ၊ စက်ဆုပ်ဖွယ်ဆိုတာတွေလဲ ဉာဏ်ထဲမှာ မြင်မှုတွေ များလာတယ်ကွ. . . (မှန်လှပါဘုရား)။

## ဖြစ်ပျက်ကိုဖြင့်ပွားမိအောင်ပွားပါ

ဒါကြောင့် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနိစ္စသညာ ကြပ်ကြပ်ပွားလို့ရှိရင် တဏှာပါး၍ စက်ဆုပ်ဖွယ်တွေ အမြင်များသောကြောင့် နိဗ္ဗာန်ရောက်တယ်လို့ သူကိုယ်တိုင်လဲပွားခဲ့လို့ သူကိုယ်တိုင်ရောက်လို့ ဒကာသစ်သက်သေခံလုံလောက်အောင် ပြောတာ. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ဖြစ်ပျက်ကိုဖြင့်ပွားမိအောင်ပွားပါဆိုတာသတိပေးရတယ်. . . (မှန်လှပါ)။

ဖြစ်ပျက်ပွားရလိမ့်မယ်. . . (မှန်ပါ့)၊ ပွားလို့ရှိရင် ဒကာကြွယ်ရေ. . . တဏှာလဲပါးမယ်. . . (မှန်ပါ့)၊ မြင်တဲ့အာရုံတွေလဲ သာယာဖွယ်မရှိဘဲနဲ့ စက်ဆုပ်ဖွယ်တွေပါ ကလားလို့ မြင်လာမယ်. . . (မှန်ပါ့)။

## နောက်လာမည့်ဒုက္ခတွေချုပ်သွားတယ်

ဒီလိုမြင်လာလို့ရှိရင်ဖြင့် ဒကာဒကာမတို့ နောက်ပဋိသန္ဓေနေမှုပါဒ် ဆက်နိုင်သေးရဲ့လား. . . (မဆက်နိုင်ပါ ဘုရား)။

မဆက်နိုင်လို့ရှိရင်လဲ 'ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ' . . . (မှန်ပါ့ဘုရား)၊ ဒုက္ခက္ခန္ဓဿ. . . နောက်လာမည့်ဒုက္ခအစုကြီး၏၊ နိရောဓော. . . ချုပ်ခြင်းသည်၊ ဟောတိ . . . ဖြစ်၏၊. . . (မှန်လှပါ)၊ သြော်. . . နောက်လာမည့် ဒုက္ခအစုကြီး ချုပ်သွားတယ်. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် နောက်လာမည့် ဒုက္ခအစုကြီးချုပ်ရသတုံးဆိုတော့ တဏှာပါး၍ စက်ဆုပ်ဖွယ် အမြင်များလို့ နောက်လာမှာတွေကို တစ်ခါတည်းဖြတ်လိုက်တယ်၊ ဒကာဒကာမတွေ ခုနင်ကအနိစ္စအမြင်များတဲ့ မဂ်ဉာဏ်. . . (မှန်ပါ့ဘုရား)၊ စက်ဆုပ်ဖွယ်တွေ အမြင်များတဲ့မဂ်ဉာဏ်. . . (မှန်ပါဘုရား)၊ ဝိပဿနာမဂ်ပေါ့ဗျာ. . . (မှန်ပါ့)။

အဲဒီ မဂ်ကြောင့်. . . တဲ့၊ ဒကာဒကာမတို့ နောက်လာမည့် လူချမ်းသာဆိုတာလဲ မဟုတ်ပါဘူး၊ ဒါတွေ စက်ဆုပ်စရာတွေပါ. . . (မှန်ပါ့)။

## လူ့နတ်ချမ်းသာဆိုတာစက်ဆုပ်စရာတွေ

. . . (မလာပါဘုရား)၊ အင်း. . . ပဋိစ္စသမုပ္ပါဒ်အကြောင်း ပြတ်ပြီ. . . (မှန်ပါဘုရား)။

အကြောင်းပြတ်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေက ဩော်. . . လူ့ခန္ဓာ၊ နတ်ခန္ဓာဆိုတဲ့ အကျိုးတရားတွေလဲ ဒကာကြွယ်လာပါဦးမလား. . . (မလာပါဘုရား)။

ဩော်. . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဖြစ်ပျက်ကြပ်ကြပ်ပွားပါဆိုတာ သတ္တကနိပါတ် အင်္ဂုတ္တိုရ်မှာ ဒကာကြွယ်ရေ ဒီအတိုင်းဘုရားဟောတယ်. . . (မှန်ပါ)။

## ဉာဏ်နဲ့မြင်တဲ့အနိစ္စ ပါးစပ်ကမြည်တဲ့အနိစ္စ မဟုတ်ဘူးနော်

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ အနိစ္စ၊ ဖြစ်ပျက်တွေကို ပါးစပ်ကမြည်တဲ့ အနိစ္စမဟုတ်ဘူးနော်. . . (မှန်လှပါ)၊ မြင်တဲ့အနိစ္စ. . . (မှန်ပါ)၊ ဉာဏ်နဲ့မြင်တဲ့အနိစ္စ. . . (မှန်လှပါ)၊ မျက်လုံးမြင်တာလဲ မလိုချင်ဘူး. . . (မှန်လှပါဘုရား)။

ခန္ဓာထဲမှာ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဝေဒနာကလေးတွေ တဖျတ်ဖျတ်၊ ဖျတ်ဖျတ်နဲ့ ရေပွက်ပမာ ပျက်နေကျတယ်. ... (မှန်လှပါဘုရား)။

## စိတ်ကရေမြှုပ်ပမာ

စိတ်ကလေးကလဲ ရေမြှုပ်ပမာ တစ်ခါတည်းပျက်ပျက်၊ ပျက်ပျက်နေတာကလေးတွေ မြင်ပြီဆိုမှဖြင့် အင်း. . .

ဒီခန္ဓာပေါ် ၌လည်း တဏှာပါးသွားပြီ. . . (ပါးသွားပါပြီဘုရား)။

နောက် မြင်တိုင်းတွေ့တိုင်း၊ အာရုံတွေကြည့်လိုက်ပြန်တော့လဲ စက်ဆုပ်စရာတွေပါကလား. . . လို့ ဖြစ်လာတယ် . . . (မှန်ပါ့ဘုရား)။

ဒီလိုမြင်လာတဲ့ မဂ်ဉာဏ်သည် ဒကာဒကာမတို့ တဏှာ၊ ဥပါဒါန်၊ ကံကို မသတ်လား. . . (သတ်ပါတယ်ဘုရား)။

တဏှာ၊ ဥပါဒါန်၊ ကံ သတ်တယ်ဆိုကတည်းက နောက်လာမည့် နတ်ဇာတိ၊ ဗြဟ္မာဇာတိတွေ ဒကာကွယ် ပေါ်နိုင်သေးရဲ့လား. . . (မပေါ်နိုင်ပါဘုရား)။

## အကြောင်းပြတ်လို့ အကျိုးပြတ်တာ

ဩော်. . . အကြောင်းဖြတ်လိုက်တာနဲ့ ဒကာဒကာမတို့ အကျိုးပြတ်သွားတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။ အကြောင်းဖြတ်တာနဲ့. . . (အကျိုးပြတ်သွားပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ သက်သေခံလုံလောက်အောင်ဆိုပြီး ခန္ဓပဋိစ္စသမုပ္ပါဒ်ကို ဘယ်အခါကာလမှမမေ့ကြနဲ့. . . (မှန်ပါ့ဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်ဖြတ်တာ၊ ကိုယ့်ဒုက္ခအတန်းကြီးသိထားတော့မှ ဩော်. . . ကိုယ်လုပ်နေတဲ့ ဖြစ်ပျက်မြင်တဲ့ မဂ်ကလေးသည် (ဝါ) ဉာဏ်ကလေးသည် ဩော်. . . ကိုယ့်

ဒုက္ခ ကိုယ်ဖြတ်နေတာ ဖြစ်လေသောကြောင့် တို့မပျင်းမရိဘဲ ဒီဥစ္စာလုပ်ရမှာပဲ၊ ဘာကြောင့်တုံး. . . ဆိုတော့ ကိုယ့်ဒုက္ခ ကိုယ်သိမ်းတာကိုး. . . (မှန်ပါ့)။

## အိုတဲ့အခါထိုင်စားဖို့ပြောတာ

ဒကာဒကာမတွေ စဉ်းစားကြည့်ပါလား၊ ပျိုပျိုရွယ် ရွယ်မှာ စီးပွားရှာကြတယ်၊ ဟာ. . . ဘာဖြစ်လို့ရှာကြသတုံး ဒကာဒကာမတို့ ပင်ပန်းလိုက်တာ ပြာပြာသလဲနဲ့ ခင်ဗျားတို့ ဥစ္စာ နေ့မအားညမအား အစားတွေ့တောင်မှမစားဘဲနဲ့ ဘယ်နှယ်ကြောင့်ဒါလောက်ရှာနေကြပါလိမ့်မတုံးဆိုတော့ ရှေ့လာမယ့်ဒုက္ခကြီးဟာဘုရား. . . မလုပ်နိုင်မကိုင်နိုင်တော့ မခက်ဘူးလား၊ အဲဒီတော့. . . ရှေ့ဒုက္ခမလာအောင်လို့ ထားတာဘုရားဆိုတော့၊ အိုတဲ့အခါထိုင်စားဖို့ပြောတာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ရှေ့ပိုင်းမှာအလုပ်လုပ်လို့ရှိရင် နောက်ပိုင်းမှာ ဒကာ ဒကာမတို့ သက်သာခွင့်ရတယ်ဆိုသလိုပါပဲ. . . (မှန်ပါ့ဘုရား)။

## အနိစ္စသညာဟာ တယ်ကျေးဇူးများတယ်

ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေးတွေ ကြည့်လိုက် ပြန်ရင်လဲ ဝေဒနာသုံးမျိုးကြည့်ချင်တာကြည့်၊ ဖြစ်ပျက်တွေ တွေ့ရမယ်. . . (တွေ့ရပါမယ်ဘုရား)။

တွေ့လိုက်လို့ရှိရင် ဦးလှဘူးတို့လူစုတွေက သြော်. . . တဏှာပါးပြီ. . . (မှန်လှပါဘုရား)၊ တဏှာပါးပြီး စက်ဆုပ်ဖွယ်တွေလဲအမြင်များပြီ. . . (မှန်လှပါဘုရား)။

ဒါကြောင့် နောက်ခန္ဓာလာစရာအကြောင်းရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)၊ ဒကာသစ် ရိပ်မိပြီဗျ. . . (မှန်ပါ့)။

အင်း. . . အနိစ္စသညာဟာ တယ်ကျေးဇူးများတယ် . . . (များပါတယ်ဘုရား)။

## ကိုယ်ကလုပ်တဲ့အနိစ္စမဖြစ်စေနဲ့

အနိစ္စ အနိစ္စလို့တစ်ခါတည်း ခန္ဓာထဲမှာ မြင်တိုင်းမြင်တိုင်း ဒါလဲအနိစ္စပဲ၊ ဒါလဲအနိစ္စပဲ၊ ဒါလဲအနိစ္စပဲလို့ သူကပြောလို့အနိစ္စ၊ ဒကာဒကာမတို့ ကိုယ်ကလုပ်တဲ့အနိစ္စမဖြစ်စေနဲ့ . . . (မှန်ပါ့)၊ ဒါဟာကြပ်ကြပ်သတိထားပါ. . . (မှန်ပါ့)။

**ဓမ္မကပြောတဲ့အနိစ္စနော်. . . (မှန်ပါ့) ကိုယ်ကလုပ်တဲ့အနိစ္စ မဖြစ်စေနဲ့. . . (မှန်ပါ့)။**

ဘယ်လိုပါလိမ့်. . . (ဓမ္မကပြောတဲ့အနိစ္စပါ၊ကိုယ်ကလုပ်တဲ့အနိစ္စ မဖြစ်ပါစေနဲ့ဘုရား)။

ကိုယ်ကလုပ်တဲ့အနိစ္စမဖြစ်ပါစေနဲ့. . . (မှန်ပါ့)၊ ရှေးကတော့ လုပ်နေကြတာ ကိုယ်ကအနိစ္စလုပ်နေတယ်. . . (မှန်ပါ့)၊ ဓမ္မကအနိစ္စကို သူမမြင်ဘူး. . . (မှန်ပါ့)။

## ဓမ္မကပြတဲ့အနိစ္စ

အခုဘုန်းကြီးတို့သင်တဲ့နည်း၊ ပြတဲ့နည်းက ဓမ္မကပြတဲ့အနိစ္စကို ကိုယ်ကဟုတ်ပါပေတယ်လိုက်ရမယ်. . (မှန်ပါ့)။

ဓမ္မကပြတဲ့အနိစ္စကို. . . (ကိုယ်က ဟုတ်ပါပေတယ် လိုက်ရပါမယ်ဘုရား)။

အဲဒီလိုကျတော့မှတဲ့ ဒကာဒကာမတို့ ခန္ဓာကပြတဲ့ အနိစ္စ၊ ဓမ္မကပြတဲ့အနိစ္စ၊ ဒါကိုကိုယ်ကဟုတ်ပါတယ် ဟုတ်ပါတယ် ဆိုပြီးမဂ်ဉာဏ်နဲ့ရှုနေဖို့ပါပဲ. . . (မှန်ပါ့ဘုရား)။

ထိုကဲ့သို့ မဂ်ဉာဏ်နဲ့ ဘုန်းကြီးရဲ့ဒကာဒကာမတွေ ကရှုနေတော့ ဘာဖြစ်သတုံးလို့ မေးတဲ့အခါ တဏှာပါး၍ စက်ဆုပ်ဖွယ်အမြင်များပါတယ်. . . (မှန်ပါ့ဘုရား)။

တဏှာပါး၍. . (စက်ဆုပ်ဖွယ်အမြင်များပါတယ်)၊ တဏှာ ပါး၍ဆိုကတည်းက နောက်ကတဏှာက ဒကာဒကာမတို့ ခဏခဏ ချုပ်နေရတော့ကြာတော့ပါးသွားတယ်. . . (ပါးပါတယ်ဘုရား)။

## ဖြစ်ပျက်နောက်ကမဂ်လိုက်

ဖြစ်ပျက်နောက်က မဂ်လိုက် လိုက်၊ မဂ်ကလိုက် လိုက်တဲ့အခါကျတော့ နောက်ကလာနေကျတဏှာက ဒကာ ဒကာမတို့မဂ်ချည့်လိုက်နေတော့ တော်တော်ကြာလေဝေး လေ ကြာလေဝေးလေ. . . (မှန်ပါ့)။

လာခွင့်ရသေးရဲ့လား. . . (မရပါဘုရား)၊ အဲဒီကဲ့သို့ လာခွင့်မရတော့ဒီတဏှာဟာပါးထွက်သွားတယ်. . . (မှန်ပါ့)။

ပါးထွက်သွားတော့ ဉာဏ်မျက်လုံးအပေါ်မှာ ခါတိုင်းတော့သူက နည်းနည်းကလေးဖုံးအုပ်နေတာ အခုတော့ဖြင့် သူ့ဖုံးအုပ်မှုဟာ ဝေးသွားတဲ့အတွက် ဘာကြည့်လိုက်၊ ကြည့်လိုက် ခန္ဓာမှာအသုဘသဘော မတင့်တယ်တဲ့ သဘောတွေ ချည့်တွေ့နေတယ်. . . (တွေ့ပါတယ်)၊ စက်ဆုပ်ဖွယ်တွေ ချည့်တွေ့နေတယ်. . . (တွေ့ပါတယ်ဘုရား)။

အဲ. . . အနိစ္စသညာဆိုတဲ့ ခန္ဓာကပြောတာကို ဉာဏ်က အမှတ်ပြုပြီးသိနေတဲ့အတွက်တဲ့ ဆရာဝန်ကြီးတို့ မှတ်စရာက ဩော်. . . တကျာပါး၍စက်ဆုပ်ဖွယ်အမြင်များ ပါကလား. . . (မှန်ပါ့)၊ ရှင်းပြီ. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် တို့ဖြစ်ပျက်သည်ကားလို့ဆိုရင် တယ် ကျေးဇူးများပါလားဆိုတာ ဒကာသစ် ပေါ်သွားပြီ. . . (ပေါ်သွားပါပြီဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## ဉာဏ်ကခေါင်းညိတ်လိုက်နေ

ဒါကြောင့် အားလုံး ဒကာဒကာမတွေ ခန္ဓာကပြောတဲ့ ဖြစ်မှုပျက်မှုကိုဖြင့် ဉာဏ်ကခေါင်းညိတ်လိုက်နေတဲ့ အလုပ်ဟာ နိဗ္ဗာန်ရောက်ပါလိမ့်မယ်လို့ဟောလိုက်တယ်. . . (မှန်ပါ)။

ခန္ဓာကပြောတဲ့ဖြစ်မှု ပျက်မှုဟာ ဉာဏ်က ခေါင်း

နိဗ္ဗာန်ရောက်အောင် ဆောင်ပါလိမ့်မယ် . . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါပါပြီဘုရား)။

ကောင်းပြီဒါဖြင့် ဒီဥစ္စာပွားဖြစ်အောင် ပွားပါဆိုတာ အလုပ်သမားတွေပြောရတယ် . . . (မှန်ပါ့)၊ စိတ်ကြည့်ပြန်လဲ စိတ်ကလေးကလဲ သူ့ဘာပြောသွားမယ် ထင်သတုံးဆိုရင် ဒကာသစ်ရေ ဖြစ်ပြီးပျက်ပါတယ်လို့ ပြောသွားတယ် . . . (မှန်ပါ့)၊ ဝေဒနာကြည့်လိုက်ပြန်လဲ . . . (ဖြစ်ပြီးပျက်သွားပါတယ်ဘုရား)။

ရုပ်ကလေးတွေ ဒကာဦးလှဘူးက ကြည့်လိုက်ပြန်တော့ကော . . . (ဖြစ်ပြီးပျက်သွားပါတယ်ဘုရား)။

## စက်ဆုပ်ဖွယ်အမြင်များမယ်

အဲဒါ ဉာဏ်က ခေါင်းညိတ်လိုက်ပါ အမှတ်ပြုလိုက်ပါ . . . (မှန်ပါ့)၊ ပြုလိုက်တာနဲ့ တစ်ပြိုင်နက် တဏှာပါး၍စက်ဆုပ်ဖွယ်အမြင်များပါလိမ့်မယ် . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တဏှာပါး၍ . . . (စက်ဆုပ်ဖွယ်အမြင်များပါတယ်)၊ တယ်အဖိုးတန်ပါကလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

ဒကာဒကာမတို့ ဒါဒိဋ္ဌမမွှအကျိုးပေးတာနော် . . . (မှန်ပါ့)၊ ဒိဋ္ဌမမွှအကျိုးပေးတာဆိုတော့ ဒကာသစ်ရေ တရား

ဂူဏ်တော်ထဲမှာ ကြည့်လိုက်ပါလား အကာလိကော. . .
(မှန်ပါ့)၊ အကာလိကော အခါမလင့်အကျိုးပေး၏. . (မှန်ပါ့)၊
မဆိုလားဗျာ. . . (ဆိုပါတယ်ဘုရား)။

ဒကာဒကာမတို့ ဘာတဲ့တုံး. . (အကာလိကောပါ)၊
ကြည့်စမ်း ဒကာဒကာမတို့ ကျုပ်တို့အပါယ်ချရမည့် တဏှာ
. . . (မှန်ပါ့ဘုရား)။

သူပါးတာသည် ကျုပ်တို့အပါယ်ပို့နိုင်သေးရဲ့လား. . .
(မပို့နိုင်ပါဘုရား)။

## အပါယ်ဇာတိမလာနိုင်တော့

ဒါ အကာလိကော အခါမလင့်ဘဲ အကျိုးပေးလိုက်
ပါတယ်လို့မှတ်ပါ. . . (မှန်ပါ့)၊ အခါလင့်သေးရဲ့လား. . .
(မလင့်ပါဘုရား)၊ အခုရှုလိုက်လဲအခုပါးတာပဲ. . . (မှန်ပါ)၊
အခုပါးလို့ရှိရင် ဒီတဏှာဟာ တဏှာ၊ ဥပါဒါန်၊ ကံ၊ အပါယ်
ဇာတိဆိုတာ ဒကာသစ် လာနိုင်သေးရဲ့လား. . . (မှန်ပါ့)။

အင်း. . . ဒါဖြင့်ဓမ္မဂုဏ်တော် ခြောက်ပါးထဲမှာလဲ
အကာလိကော အခါမလင့်အကျိုးပေး၏ဆိုတာနဲ့လဲ တစ်ခါ
တည်း သွားပြီးညီညွတ်တဲ့အတွက် ဘုရားရှိခိုးတော့လဲ
အကာလိကောဆိုတာ ဩော်. . . ပွားမှအကျိုးပေးတာကိုး
. . . (မှန်ပါ့)၊ ပွားမှနော်. . . (မှန်ပါ့)၊ ပွားမှအကျိုးပေးတယ်
. . . (မှန်ပါ့)။

## ရှုတ်နေရင်သမထ

ရှုတ်နေရင်. . . (သမထပါဘုရား)၊ ပွားနေရင် ဝိပဿနာ. . . (မှန်ပါ့)၊ ရှုတ်နေရင်. . . (သမထပါဘုရား)၊ ပွားနေရင်. . . (ဝိပဿနာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ 'သမထနဲ့ဝိပဿနာ' ဆိုတာ သမထကသာသနာပတရား. . . (မှန်ပါ့)၊ ဝိပဿနာက သာသနာတွင်းတရား. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှုတ်ဖတ်နေရတာနဲ့၊ ဉာဏ်နဲ့ကြည့်ပြီးပွားနေရတာနဲ့ ဒကာသစ်ချိန်တော့. . . (မှန်ပါ့)၊ ဘယ်သူကကျေးဇူးများသတုံး. . . (ပွားနေရတာက ကျေးဇူးများပါတယ်ဘုရား)။

ပွားနေတော့ မဂ်ဆိုက်တယ်. . . (မှန်ပါ့)၊ ရှုတ်နေတော့ သမာဓိတည်တယ်. . . (မှန်ပါ့)၊ ဒါကွာသွားတယ်. . . (မှန်ပါ့) ရှုတ်နေတော့ သမာဓိတည်တော့ သမထဖြစ်သွားတယ်. . . (မှန်ပါ့)၊ ပွားနေတော့ ဒကာဒကာမတို့မဂ်ဆိုက်တော့ ဘာဝနာဖြစ်ပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် မသိသေးတဲ့ ဒကာဒကာမတွေကျတော့ ဒါကလေးကိုပဲ အကာလိကော၊ အကာလိကော၊ အကာလိကောလို့ ရှုတ်ပြီးနေတာကများတယ်. . . (မှန်ပါ့)။

## ဘုန်းကြီးကမသိတာကိုသိအောင်ဟောတာ

ဘုန်းကြီးကတော့ ကောင်းသည်ထက် ကောင်းတာကို သာသနာတွင်းဖြစ်နေလို့ မသိတာကိုလဲ သိအောင်ဖော်ပြရတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်လဲဖြစ်နေလို့ ဒကာသစ် ပွားနေတာကောင်းတယ်. . . (မှန်ပါ့)၊ သူ့ဟာသူ အကျိုးပေးသွားလိမ့်မယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သူ့ဟာသူအကျိုးပေးသွားလိမ့်မယ်၊ ခင်ဗျားတို့က ပွားရုံပဲ. . . (မှန်ပါ့)၊ သူ့ဟာသူ အကျိုးပေးသွားမယ်ဆိုတာ ကောကျေနပ်ပလား. . . (ကျေနပ်ပါပြီ)၊ ကောင်းပြီ. . . နေရာကျပြီနော်. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် တစ်ခါဖြစ်ပြီး ပျက်တာဟာလဲ ဒုက္ခသစ္စာပဲ. . . (မှန်ပါ့)။

ဖြစ်ပြီးပျက်တာလဲ. . . (ဒုက္ခသစ္စာပါ)၊ ဪ. . . ဒါဖြင့် ဖြစ်ပျက်မြင်ပြန်တော့လဲ ဒုက္ခပွားနေကြတာကိုး. . . (မှန်ပါ့ဘုရား)။

အင်း. . . ဖြစ်ပျက်မြင်ပြန်တော့. . . (ဒုက္ခပွားနေတာပါ)၊ ဒုက္ခပွားနေကြတယ်. . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်တာဒေါသပါးတယ်

ဒုက္ခပွားနေကြပြန်တော့လဲ. . . တဲ့ ဒကာဒကာမတို့ ဒေါသပါးသွားတယ်. . . (မှန်ပါ့ဘုရား)။

ဒေါသတွေ ဘယ့်နှယ်ဖြစ်သွားသတုံး. . . (ပါးသွား ပါတယ်ဘုရား)။

ဒေါသတွေပါးပြီးသကာလတဲ့ ဘာတွေဖြစ်လာသ တုံး ဆိုတော့ကြောက်တတ်တဲ့ ဉာဏ်ကပေါ်လာတယ်. . . (မှန်ပါ့)၊ ဩော်. . . ဒီခန္ဓာကြီးမျိုးရလဲ ကြောက်စရာကြီး ပါကလား. . . (မှန်ပါ့ဘုရား)။

## ဘယဉာဏ်တွေပေါ်လာတယ်

ဒီခန္ဓာကြီးမျိုးရတာ ကြောက်စရာကြီးပါကလားလို့ ဆိုပြီးသကာလ ဒေါသပါးပြီးသကာလ ဘယဉာဏ်တွေ ပေါ်လာတယ်. . . (မှန်ပါ့ဘုရား)။

ဒေါသပါးပြီးတော့. . . (ဘယဉာဏ်တွေပေါ် လာပါတယ်)၊ ဘယဉာဏ်ဆိုတဲ့ ကြောက်တဲ့ဉာဏ်တွေ ဒကာဒကာမတို့ တစ်ခါတည်းပေါ်လာတယ်. . . (မှန်ပါ့ ဘုရား)။

သုံးဆယ့်တစ်ဘုံကိုကြည့်လိုက်ပြန်လဲ ဩော်. . . ဟိုဘုံကလဲ ဒုက္ခသစ္စာကြီးနဲ့ပါကလား၊ ဒီဘုံကြည့်လိုက်ပြန် တော့လဲဒုက္ခသစ္စာကြီးနဲ့၊ ခန္ဓာကြည့်လိုက်ပြန်လဲ ဒုက္ခသစ္စာ ကြီးနဲ့၊ ကြောက်စရာကြီးပါကလား ဆိုတဲ့ဉစ္စာ ဖြစ်ပျက် ဒုက္ခ ကိုကဒုက္ခလို့ရှုနေလိုက်ပြန်လို့ရှိရင်လဲ ဒေါသပါး၍ ကြောက်တဲ့ဉာဏ်ပေါ်လာပါတယ်. . . (မှန်ပါ့ဘုရား)။

ဒေါသပါး၍. . . (ကြောက်တဲ့ဉာဏ် ပေါ်လာပါတယ်ဘုရား)၊ ကြောက်တဲ့ဉာဏ် ပေါ်လာတယ်ဆိုတော့ ဘယဉာဏ်ပေါ်လာတယ်. . . (မှန်ပ့ါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## တဏှာရောဒေါသရောပါးတယ်

ဒါဖြင့်. . . ဘုန်းကြီးတို့ဒကာဒကာမတွေ ဖြစ်ပျက်တစ်လုံးတည်းရှုတာသည် တဏှာလဲပါး၍ ဒေါသလဲပါးတယ်ဆိုတာ သေချာတယ်. . . (သေချာပါတယ်)၊ တဏှာကော. . . (ပါးပါတယ်)၊ ဒေါသကော. . . (ပါးပါတယ်)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဖြစ်ပျက်တစ်ခုဟာ အနိစ္စလဲ ဒကာသစ် ဟုတ်တာပဲ. . . (မှန်ပ့ါ)၊ ဒုက္ခသစ္စာလဲ. . . (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဒီနှစ်ဉာဏ်စလုံးဟာ ဒကာဒကာမတို့ ကိုယ်ကအနိစ္စရှေ့ရှုပြီး ဩော်. . . မမြဲပါကလားလို့ ဆိုလိုက်ပြန်လဲတဲ့ စက်ဆုပ်ဖွယ်တွေအမြင်များတယ်. . . (မှန်ပ့ါဘုရား)။

ဟာ. . . ဒါဒုက္ခသစ္စာတွေပဲ ဖြစ်ပျက်တွေဟာလဲ ဒုက္ခသစ္စာတွေပဲ၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ဒါကိုယ့်ခန္ဓာဒုက္ခတွေ. . . (မှန်ပ့ါ)၊ မိမိဒုက္ခတွေဆိုတာ ဒကာကြွယ် ရှင်းပြီ. . . (ရှင်းပါပြီ)၊ တစ်ခါတည်း ဒေါသပါးသွား တယ် . . . (ပါးပါတယ်ဘုရား)။

## ဒေါသပါး၍အကြောက်ဉာဏ်များတယ်

ဒေါသပါးသွားတဲ့အပြင်မှာ သံသရာကြီးကို တစ်ခါတည်း ဘယ်ဘုံကြည့်လိုက်ကြည့်လိုက် ဒီလိုချည့်နေမှာပဲဆိုတော့ ကြောက်လန့်တတ်တဲ့ဉာဏ်တွေ တစ်ခါတည်း ဒကာသစ်ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။

ဪ. . . ဒါဖြင့် ဖြစ်ပျက်ဒုက္ခပွားရခြင်းသည်ကားလို့ဆိုရင် ဒေါသပါး၍ အကြောက်ဉာဏ်များတယ် ဆိုတာကိုလဲ ယနေ့မှတ်ထားရမယ်. . . (မှန်ပါ့ဘုရား)။

သိပ်အဖိုးတန်တယ်. . . (တန်ပါတယ်)၊ ဒေါသကဖြစ်ပျက်ဒုက္ခသစ္စာပါကလား၊ ဒုက္ခသစ္စာပါကလားလို့ ဒကာကြွယ်တို့ ပွားနေတဲ့ဥစ္စာ ဒေါသလဲပါးသွားတယ်. . . (ပါးပါတယ်) သုံးဆယ့်တစ်ဘုံထဲက ဒကာကြွယ် ဘယ်ဘုံရချင်သေးသတုံး. . . (မရချင်ပါဘုရား)၊ ကြောက်လို့ ကြောက်လို့. . . (မှန်ပါ့)၊ ဒုက္ခပြန်ရောက်ဦးမှာပဲ ဆိုတာသိနေလို့. . . (သိသွားလို့ပါဘုရား)။

အဲဒါကြောင့် ကြောက်ဉာဏ်တွေ ပေါ်ပေါက်များပြားလာတယ်ဆိုတာလဲ ဖြစ်ပျက်ဒုက္ခသစ္စာ ရှုလိုက်ပြန်လို့ရှိရင်လဲ ဒါတွေလာတာပဲ. . . (မှန်ပါ့ဘုရား)။

ဒေါသပါးပြီးသကာလ ဒကာဒကာမတို့ ကြောက်ဉာဏ်တွေ ပေါ်ပေါက်လာပါတယ်. . . (မှန်ပါ့)၊ သိပ်အဖိုးတန်တယ်နော်. . . (အဖိုးတန်ပါတယ်ဘုရား)။

## ပညာနားနဲ့ထောင်မှနော်

ဒကာဒကာမတို့ ဒီဥစ္စာ ပညာနားနဲ့ထောင်မှနော်. . . (မှန်ပါ)၊ ပညာနားနဲ့ထောင်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒါသာသနာတွင်းတရား၊ အကောင်းဆုံးနိဗ္ဗာန်သွားတဲ့တရား လို့ ဒကာကြွယ်မှတ်ပါ. . . (မှန်ပါ့ဘုရား)။

ဟာ. . . ဒီဥစ္စာ ဒို့နားမလည်သေးဘူး၊ နားထောင်ရ တာလဲ ခပ်ပျင်းပျင်းပဲလို့ ဒီလိုမလုပ်ပါနဲ့. . . (မှန်ပါ)၊ ဒီလိုမလုပ် ပါနဲ့တဲ့၊ ကောင်းလွန်းတဲ့အစာကို တောသားမကြိုက်သလို မဖြစ် ပါစေနဲ့. . . (မှန်ပါ့)၊ ကောင်းလွန်းတဲ့အစာတွေ တောသူတောင် သား မကြိုက်တာတွေလဲရှိသေးတယ်. . . (မှန်ပါ့ဘုရား)။

## မြို့သားမျက်လုံးနဲ့ကြည့်

ဥပမာ ဒန်ပေါက်ထမင်းချက်ထားတယ်၊ ချက်ထားတဲ့ အခါကျလို့ရှိရင် လေးညှင်းတွေ၊ကရဝေးတွေ စုံလို့ပေါ့ဗျာ . . . (မှန်ပါ့)၊ အမျိုးမျိုးအဖုံဖုံ ဆေးတွေဝါးတွေ ထည့်ချက် တော့ ကျုပ်တို့မစားတတ်ပါဘူး ဖြစ်လာတဲ့ တောသူတောင် သားတွေရှိသေးတယ်. . . (ရှိပါတယ်ဘုရား)။

ဟ. . . ဘာဖြစ်လို့ မစားတတ် မသောက်တတ်ပါ လိမ့်မတုံးလို့ မေးတဲ့အခါကျတော့ မြို့သားမျက်လုံးနဲ့ကြည့် တော့ ဒကာကြွယ် ကောင်းလွန်းလို့. . . (မှန်ပါ့)၊ ဒီအဓိပ္ပါယ် မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ဘယ်လိုပါလိမ့်. . . (ကောင်းလွန်းလို့)၊ အဲ. . . ခင်ဗျားတို့လဲ တောနားနဲ့မထောင်ဘဲနဲ့ သာသနာတွင်းနားနဲ့ မြို့သားအဖြစ်နဲ့ တစ်ခါတည်း ဒကာဒကာမတို့ဩော်. . . နိဗ္ဗာန်ရောက်တရားက ဖြစ်ပျက်မြင်ရင် ဖြစ်ပျက်ကို ဒုက္ခကို သိပါမှ ဒေါသပါးပြီးသကာလ သံသရာကြောက်ခြင်းများပါက လားလို့ဆိုတာကို သေသေချာချာဉာဏ်နားနဲ့ထောင်တော့ ဩော်. . . တယ်အဖိုးတန်ပါကလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ. . . ဒီဥစ္စာဖြင့် လွတ်မထွက်ကြပါနဲ့တဲ့၊ ဒီဥစ္စာတွေ သံသရာကြောက်မှခန္ဓာကြောက်ပါမှ ဒကာသစ်ရေ ခန္ဓာမရမှာနော်. . . (မှန်ပါ့)၊ ခန္ဓာမကြောက်ရင် ခန္ဓာ. . . (ရပါတယ်)၊ ရရင်ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒီသစ္စာတွေ မြင်တဲ့ပုဂ္ဂိုလ်ကျတော့မှ ဒကာကြွယ် ခန္ဓာဒုက္ခလဲမြင်ထားပြန် သစ္စာကလဲရှေ့ပိုင်းကသိထားပြန်ဆို တော့ ဒကာသစ် မကြောက်ပါနဲ့ဆိုလို့ကော. . . (မရပါ ဘုရား)။

မရဘူး၊ နောက်ခန္ဓာရမှာ တပည့်တော်ဖြင့် အမိဝမ်း ခေါင်းထဲအောင်းရမှာနဲ့ ဒီဒုက္ခသစ္စာကြီးပြန်ပြီးသယ်ရဦးမယ် ပိုးရဦးမယ် ထမ်းရဦးတော့မယ်၊ မခွဲမခွာနေရဦးတော့မယ်ဆို ရင်ဖြင့် တပည့်တော်ဖြင့် အကြောက်ဆုံးတရားပဲဆိုတာ ဒုက္ခ သစ္စာပွားနေတဲ့ ပုဂ္ဂိုလ်မှာ ဒီဉာဏ်လာတာပဲ. . . (မှန်ပါ့)၊

မလာနဲ့ဆိုလို့. . . (မရပါဘူး)၊ ဒကာကြွယ် သိပ်အဖိုးတန်ပါကလား. . . (တန်ပါတယ်ဘုရား)။

## အနတ္တဆိုတာတခြားမှတ်မနေပါနဲ့

ကဲ. . . တစ်ခါသွားပါဦးတဲ့၊ ဒကာဒကာမတို့ အနတ္တသွားကြဦးစို့. . . (မှန်ပါ့)၊ အနတ္တဆိုတာလဲ ဘုန်းကြီးတို့ ဒကာဒကာမတွေ တခြားမှတ်မနေပါနဲ့ ဖြစ်ပြီးပျက်တာကို ဘယ်သူတားလို့ဆီးလို့မှမရလို့ ဖြစ်ပျက်တာ အနတ္တပဲ. . . (မှန်ပါ့)၊ ဘယ်သူတားလို့ဆီးလို့ရသလား. . . (မရပါဘုရား)။

ဒီနေရာကယားတယ်၊ မပျောက်ပါစေနဲ့ဆိုလဲပျောက်သွားတာပဲ. . . (မှန်ပါ့)၊ ဒီနေရာချမ်းသာလုံးကလေးပေါ်ပါတယ်၊ တာရှည်တည်ပါစေဆိုလို့ကော. . . (မရပါ)၊ ပျောက်ပျက်သွားတာပဲ. . . (မှန်ပါ့)၊ ဖြစ်ပြီးပျောက်တာပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သူ့ကိုလဲတားလို့ဆီးလို့မရတဲ့ အနတ္တလို့နာမည်ပြောင်းပေး. . . (မှန်ပါ့)၊ စင်စစ်တော့ဖြင့် အနိစ္စလဲ ဖြစ်ပျက်. . . (မှန်ပါ့)၊ ဒုက္ခလဲ. . . (ဖြစ်ပျက်ပါ)၊ အနတ္တလဲ. . . (ဖြစ်ပျက်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အနတ္တမြင်တော့ တဏှာ မာန ဒိဋ္ဌိ ပါးတယ်

အဲဒီတော့ဉာဏ်ထဲမှာ အနတ္တမြင်လာတဲ့အခါကျတော့ တဏှာရော မာနရော ဒိဋ္ဌိရော အကုန်ပါးတယ်. . . (မှန်ပါ့ဘုရား)။

အနတ္တမြင်လာတော့. . . (တဏှာရော မာနရော ဒိဋ္ဌိရော အကုန်ပါးပါတယ်)၊ အကုန်ပါးသတဲ့ ဒကာကြွယ်ရေ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားဟောတယ်. . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့အနတ္တမြင်တော့ ဘာတွေပါးသတဲ့တုံး. . . (တဏှာရော မာနရော ဒိဋ္ဌိရော အကုန်ပါးပါတယ် ဘုရား)။

အနတ္တမြင်တော့လဲ တဏှာ မာန ဒိဋ္ဌိတွေပါးသွားပါတယ်. . . (မှန်ပါ့)၊ ဩော်. . . အနတ္တ ဆိုတဲ့ဥစ္စာလဲ တခြားလားအောက်မေ့တယ်၊ တို့ရှုနေတာ အနတ္တပါကလား လို့ မှတ်လိုက်တာပေါ့. . . (မှန်ပါ့)။

ဝေဒနာကလေး ရှုလိုက်တော့လဲ ဒကာသစ်ရာ ဖြစ်ပြီး တော့ပျောက်သွားတာတွေ့တာပဲ. . . (မှန်ပါ့)၊ ဒါကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုလို့. . . (မရပါဘုရား)၊ ဒါဖြင့် အနတ္တပဲ. . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မြင်ရင် သုံးခုစလုံးမြင်တယ်

ဒါဖြင့်ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ သုံးခုစလုံးမြင်တယ် လို့မှတ်လိုက်. . . (မှန်ပါ့)။

ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ. . . (သုံးခုစလုံးမြင်ပါတယ်ဘုရား)၊ အနိစ္စလဲဒါပဲ. . . (မှန်ပါ)၊ ဒုက္ခလဲ. . . (ဒါပါပဲဘုရား)၊ ဖြစ်ပျက်ပဲနော်. . . (မှန်ပါ့)၊ အနတ္တလဲ. . . (ဖြစ်ပျက်ပါပဲဘုရား)။

ဖြစ်ပျက်ပဲဆိုတော့ ဒကာကြွယ် ဒါကြောင့်မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပုဂ္ဂိုလ်လိုက်လို့ ငါသုံးမျိုးဟောထားတာပါကွာ. . . တဲ့ စင်စစ်တစ်မျိုးတည်းပါပဲတဲ့. . . (မှန်ပါ့ဘုရား)။

ပုဂ္ဂိုလ်တွေကျွတ်ထိုက်တာလိုက်လို့သာ ငါကတချို့ပုဂ္ဂိုလ်ကို အနိစ္စနဲ့ချွတ်ရတယ်. . . (မှန်ပါ့)၊ တချို့ပုဂ္ဂိုလ်ကျတော့ သူတို့ကဒုက္ခအလေ့အကျင့်များတော့ ဒုက္ခနဲ့ချွတ်လိုက်ရတယ်. . . (မှန်လှပါ)၊ တချို့ပုဂ္ဂိုလ်ကျတော့ သူကအနတ္တဘာဝအထုံကလေးပါလာတော့ အနတ္တနဲ့ချွတ်ရတာပါတဲ့ စင်စစ်တော့ အနိစ္စာဝတသခ်ီရာပဲ. . . (မှန်လှပါ)၊ ဖြစ်ပြီးပျက်တာပါပဲ. . . (မှန်လှပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

## ဒုက္ခသစ္စာချည်းပါပဲ

ဒါဖြင့် အားလုံးတရားနာလာကြတဲ့ ဒကာဒကာမတွေက ဩော်. . . တချို့က အနိစ္စမှနိဗ္ဗာန်ရောက်တယ်၊ ဒုက္ခမှနိဗ္ဗာန်ရောက်တယ်၊ အနတ္တမှနိဗ္ဗာန်ရောက်တယ် ပြောချင်တာပြောနေတာ အပိုပဲလို့မှတ်လိုက်. . . (မှန်ပါ့ဘုရား)၊ စင်စစ်တော့ဖြင့် အနိစ္စလဲ ဒကာဒကာမတို့ ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ ဒုက္ခလဲ. . . (ဒုက္ခသစ္စာပါပဲဘုရား)၊ အနတ္တလဲ. . . (ဒုက္ခသစ္စာပါပဲဘုရား)၊ မှတစ်ပါးတခြားရှုစရာရှိသေးရဲ့. . . (မရှိပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျားတို့ရှုရတာ ဒီခန္ဓာငါးပါး၊ အဲဒီတော့ ဒီဥစ္စာက 'သဗ္ဗေ ဓမ္မာ အနတ္တာ' ဆိုတော့ အနတ္တထဲ အကုန်ဝင်တာပဲ. . . (မှန်ပါ)၊ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' လို့ဆိုပြန်တော့လဲ ဒုက္ခသစ္စာထဲအကုန်ဝင်တယ်. . . (မှန်ပါ့ဘုရား)၊ 'သဗ္ဗေသင်္ခါရာအနိစ္စာ' ဆိုတော့လဲ သင်္ခါရတရားတွေမို့ အကုန်အနိစ္စဖြစ်တာပဲ. . . (မှန်ပါ)၊ ထူးသေးရဲ့လား. . . (မထူးပါဘုရား)။

အဲဒီလို မထူးတာသိတော့မှ ဪ. . . အနိစ္စရှုလဲ ဒုက္ခ အနတ္တပါတာပဲ. . . (မှန်ပါ)၊ ဒုက္ခလို့ ပါးစပ်ကကြည့်ပြီးရှုနေပြန်လို့ရှိရင်လဲ အနိစ္စနဲ့အနတ္တပါတာပဲ. . . (ပါပါတယ်ဘုရား)၊ အနတ္တရှုနေပြန်တော့လဲ အနိစ္စနဲ့ဒုက္ခပါသွားတာပဲ. . . (ပါပါတယ်ဘုရား)။

## ဖြစ်ပျက်ရှုရင်အကုန်ပါသွားတယ်

အင်း. . . ဖြစ်ပျက်တစ်ခုတည်းရှုနေလဲ အကုန်ပါသွားတာပဲ. . . (ပါသွားပါတယ်ဘုရား)သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဖြစ်ပျက်တစ်ခုတည်းရှုနေလဲ. . . (အကုန်ပါသွားပါတယ်ဘုရား)၊ ဪ. . . ဒကာကြွယ် ဒီလိုပေါင်းယူလိုက်တော့လဲ အတူတူပါပဲလား. . . (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ အနတ္တရှုတဲ့အခါကျတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ သေတယ်. . . (မှန်ပါ)၊ အနတ္တရှုတဲ့အခါကျတော့. . . (တဏှာ၊ မာန၊ ဒိဋ္ဌိ သေပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် တဏှာသေလဲ ပပဥ္စသေတာပဲ. . (မှန်ပါ့)၊ မာနသေကော. . . (ပပဥ္စသေပါတယ်ဘုရား)၊ ဒိဋ္ဌိသေရင်ကော. . . (ပပဥ္စသေသွားပါတယ်ဘုရား)၊ ဒါဖြင့် သူလဲသံသရာစခန်းသတ်တာပဲ. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ. . . (သံသရာစခန်းသတ်ပါတယ်ဘုရား)၊ သံသရာစခန်းသတ်တာပဲလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက မှတ်ထားလိုက်တာပေါ့. . . (မှန်ပါ့)၊ ဦးလှဘူး ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အနိစ္စဘာပါလိမ့်မတုံး၊ တို့မြင်တဲ့ဖြစ်ပျက်. . . (မှန်ပါ့ဘုရား)၊ ဒုက္ခဘာပါလိမ့်မတုံး. . . (ဖြစ်ပျက်ပါဘုရား)၊ အနတ္တဆိုဘာပါလိမ့်မတုံး. . . (ဖြစ်ပျက်ပါဘုရား)။

## ဖြစ်ပျက်တစ်လုံးရှုရပါတယ်

ဒကာဒကာမတွေရှုနေတဲ့ ဖြစ်မှု ပျက်မှုဆိုတာပဲ. . . (မှန်ပါ့)၊ တရားကို လွှဲဆိုနေတယ်လို့ ဒကာကြွယ် ဒီလိုမယူနဲ့နော်. . . (မှန်ပါ့)။

'သဗ္ဗေသင်္ခါရာဒုက္ခာ' ထဲမပါဘူးလား. . . (ပါပါတယ်ဘုရား)၊ 'သဗ္ဗေသင်္ခါရာအနိစ္စာ' ထဲမှာကော. . . (ပါပါတယ်ဘုရား)၊ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' ထဲမှာကော . . . (ပါပါတယ်ဘုရား)၊ ဒါဖြင့် ဒကာသစ်ရေ အတူတူပဲ. . . (မှန်ပါ့အတူတူပါပဲဘုရား)။

ဒါကြောင့် 'အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော' ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ချီးဟော တဲ့အတွက် ဒကာဒကာမတို့ ဘာမှရှုပ်မနေနဲ့ ဖြစ်ပျက်တစ်လုံးရှု. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘာရှုရမယ်. . . (ဖြစ်ပျက်တစ်လုံးရှုရပါမယ်ဘုရား)။

ခန္ဓာထဲမှာရှိတဲ့က ဒီဟာဖြစ်ပျက်ဆိုတဲ့ဥစ္စာက ဖြစ်ပြီးပျက်လို့လဲ အနိစ္စ. . . (မှန်လှပါဘုရား)၊ ဖြစ်မှုပျက်မှုကြောင့် ကျုပ်တို့ခင်ဗျားတို့ ဖြစ်မှုပျက်မှုဖြင့် နှိပ်စက်တတ်သောကြောင့် ဒုက္ခ. . . (မှန်ပါ)၊ မဖြစ်ပါနဲ့ မပျက်ပါနဲ့လို့တားမရလို့လဲ အနတ္တ. . . (မှန်ပါ)၊ ဒီတရားပဲရတယ်. . . (မှန်ပါဘုရား)။

## ဖြစ်ပျက်သည်ပင်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ

ဖြစ်ပျက်သည်ပင်လျှင် အနိစ္စ. . . (မှန်ပါ)၊ ဖြစ်ပျက်သည်ပင်လျှင်. . . (ဒုက္ခပါဘုရား)၊ ဖြစ်ပျက်သည်ပင်လျှင်. . . (အနတ္တပါဘုရား)၊ ကဲ. . . ဒကာသစ် ကျေနပ်လောက်ပြီ . . . (ကျေနပ်လောက်ပါပြီဘုရား)။

ဒါဖြင့် အစက တစ်ခေါက်ပြန်ပြီး သူ့ကိုသိမ်းရမယ် . . . (မှန်ပါဘုရား)၊ ဒကာဒကာမတို့ ဖြစ်ပြီးပျက်တဲ့ အနိစ္စရှုပြန်လို့ရှိရင် တဏှာပါး၍ အသုဘအထင်များပါတယ်. . . (မှန်ပါ)။

တဏှာပါး၍. . . (အသုဘအထင်များပါတယ်)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။ ဖြစ်ပြီးပျက်တာကို ကျုပ်တို့က

ဒုက္ခလို့ ရှုနေသဖြင့်လဲ ဒေါသပါး၍ ကြောက်ခြင်း လန့်ခြင်း များတယ်. . . (မှန်လှပါဘုရား)။

သံသရာမှာ ကြောက်ခြင်း လန့်ခြင်းများတယ်. . . (များပါတယ်ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကဲ. . . တစ်ခါသွားပါဦး ဒကာကြွယ်ရေ. . . ကျုပ်တို့သည်ကားလို့ဆိုရင် ဖြစ်ပျက်တာကို အနတ္တလို့ ကျုပ်တို့က အလေ့အကျက်များနေတယ် ဆိုကြပါစို့. . . (မှန်ပါ)။

အဲဒီအနတ္တကို ဩော်. . . မပိုင်တဲ့အစိုးမရတဲ့ အနတ္တ၊ အနှစ်သာရမရှိတဲ့ အနတ္တ၊ တားလို့ဆီးလို့မရတဲ့ အနတ္တ. . . လို့၊ ကျုပ်တို့ကရှုဖန်များလာတော့ တဏှာရော၊ မာနရော၊ ဒိဋ္ဌိရော ချုပ်သွားတယ်. . . (မှန်ပါ)၊ မချုပ်ရင်ပါးရမယ်ဆိုတဲ့အဓိပ္ပါယ် မှတ်ပါ. . . (မှန်ပါဘုရား)၊ ကြာရှည်ရှုရင် ချုပ်ရမယ်ဆိုတာလဲ မှတ်ထားလိုက်ပါ. . . (မှန်ပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## တစ်ခုရှုလိုက်ရင်သုံးခုစလုံးပါ

ဒါဖြင့် ဒကာဒကာမတို့ ဤသုံးချက်ဟာ ဒကာကြွယ်ရေ တစ်ခုရှုလိုက်တာနဲ့သုံးခုပါသွားတယ်. . . (မှန်ပါ)။ တစ်ခုရှုလိုက်တာနဲ့. . . (သုံးခုပါသွားပါတယ်ဘုရား)၊ ရိုးမိကြပြီ. . . (ရိုးမိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်ဖြစ်ပျက်တစ်လုံးရှုလိုက်ရင် အနိစ္စလဲပါ၏. . . (မှန်ပါ)၊ ဒုက္ခလဲ. . . (ပါပါတယ်ဘုရား)၊ အနတ္တလဲ. . . (ပါပါတယ်ဘုရား)။

အဲဒီတော့ အနိစ္စလဲမမြည်နဲ့တော့၊ ဒုက္ခလဲမမြည်နဲ့တော့၊ အနတ္တလဲပါးစပ်က မမြည်နဲ့တော့၊ ဩော်. . . ဖြစ်ပြီး ပျက်တဲ့ တရားတွေပါကလား ဆိုပြီးသကာလ ဒကာဒကာမတွေ ဒီအတိုင်းသာရှုနေဖို့လိုပါတယ်. . . (မှန်ပါ့ဘုရား)၊ အနိစ္စ ဒုက္ခ အနတ္တပါသွားပြီ. . . (ပါသွားပါပြီဘုရား)၊ ခင်ဗျားတို့က အားထုတ်ရသေးသလား. . . (မထုတ်ရပါဘုရား)။

ဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တဆိုတာ ကိုယ့်ပါးစပ်ကဖြစ်တာလား. . . ဓမ္မကဖြစ်တာလား. . . (ဓမ္မကဖြစ်တာပါဘုရား)။

## ဓမ္မကပြောတာကိုယုံကြည်ကြ

အဲ. . . ဓမ္မကဖြစ်တယ်ဆိုတာကို ခင်ဗျားတို့ အမှန်အကန် ဓမ္မကပြောတာကို ယုံကြည်ကြလို့ရှိရင်ဖြင့်တဲ့ ဓမ္မကပြောတာကို သိမှုသာလျှင်လဲ ဉာဏ်သည် ဓမ္မအလိုက်ပေးရတဲ့ ဉာဏ်. . . (မှန်ပါ့ဘုရား)။

ဓမ္မက ဖြစ်ပျက်ပြတော့ကို အနိစ္စဉာဏ်သွားဖြစ်တယ် . . . (မှန်ပါ့)၊ ဓမ္မကဖြစ်တဲ့ပျက်တဲ့ ဒုက္ခပြလိုက်သဖြင့် ရှုတဲ့ဉာဏ်ဟာ ဒုက္ခဉာဏ်ဖြစ်သွားတယ်. . . (မှန်ပါ့)၊ အစိုးမရတဲ့ ဓမ္မကို ဓမ္မကပြောသဖြင့် ရှုတဲ့ဉာဏ်ဟာ အနတ္တဉာဏ်သွားဖြစ်တယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အနိစ္စဉာဏ်ဆိုတော့ ဒီမှာဒကာဒကာမတွေ သေသေချာချာကြည့်၊ ပုံစံချပြမယ်၊ ဒီဘက်အနိစ္စ. . . (မှန်ပါ့)၊ ဒီဘက်က ဒကာဒကာမတွေကရှုတဲ့ဉာဏ်. . . (မှန်ပါ့)။

ကဲ. . . နာမည်ပေးတော့ကို ဒီဉာဏ်ကို ဥပမာမယ် ဒကာဒကာမတွေက ကျုပ်ဖြင့်အနိစ္စဉာဏ်ရပြီဗျလို့ ပြောချင် လဲပြောကြမယ်. . . (မှန်ပါ့)၊ မပြောပေဘူးလား. . . (ပြောပါ တယ်ဘုရား)။

## အနိစ္စကိုသိတဲ့ဉာဏ်

ကဲ. . . ဂဏန်းထောက်ကြည့်တော့ သူကအနိစ္စ. . (မှန်ပါ့)၊ သူကအနိစ္စကိုသိတဲ့ဉာဏ်. . . (မှန်ပါ့)။

ဒါဖြင့်သူကဉာဏ်သက်သက်. . . (မှန်ပါ့)၊ ဒီဘက်က အနိစ္စသက်သက်. . . (မှန်ပါ့)၊ဒီဘက်ကဘာတုံး. . . (ဉာဏ်သက်သက်ပါဘုရား)။

အဲဒီတော့ သူ့နာမည်ပေးတော့ အနိစ္စသိတဲ့ဉာဏ် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဘယ်သူ့သိတဲ့ဉာဏ်တုံး. . . (အနိစ္စသိတဲ့ဉာဏ်ပါ)၊ ဒါဖြင့် ဒီဉာဏ်မှာ ပင်ကိုသဘောက ဉာဏ်သဘောသာရှိ တယ်. . . (မှန်ပါ့)၊ သူကအနိစ္စပြလို့ သူဟာအနိစ္စဆိုတဲ့ ဆိုင်း ဘုတ်တစ်လုံးသူ့မှာတိုးတယ်. . . (မှန်ပါ့)၊ ဒါကြောင့် သူ့ကို အနိစ္စဉာဏ်. . . (မှန်ပါ့)။

ဒါဖြင့် ဒီအနိစ္စကြောင့် အနိစ္စဉာဏ်ဖြစ်ရတယ်. . . (မှန်ပါ့)၊ ဒီတရားကဖြစ်ပျက် အနတ္တ၊ ဘယ်သူမှအစိုးမရတဲ့ ဖြစ်ပျက် အနတ္တဖြစ်နေလို့ ဒီဉာဏ်ကို ဘာဉာဏ်ခေါ်ကြ မယ်. . . (အနတ္တဉာဏ်ပါဘုရား)။

## အရှုခံတရား၏အမည်

ဒါဖြင့်ဒီဒကာဒကာမတို့ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ဆိုတာ ဉာဏ်၏အမည်လား. . . တဲ့၊ ဒီဘက်က အရှုခံတရားရဲ့အမည်လား. . . . (အရှုခံတရား၏အမည်ပါဘုရား)၊ ရှင်းပြီ. . . ရှင်းပြီ. . . (ရှင်းပါပြီဘုရား)။

ရှင်းသွားပြီ ဒကာဒကာမတို့. . . (မှန်ပါ့)၊ အရှုခံတရား၏နာမည်ကို ကျုပ်တို့ဉာဏ်က လိုက်နေရတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်သူ၏ အလိုလိုက်နေရသလဲ. . . (အရှုခံတရား၏အလိုလိုက်နေရပါတယ်)၊ အရှုခံတရား၏အမည်ကို ကျုပ်တို့ဉာဏ်ကယူရမယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အရှုခံတရား၏အမည်ကို. . . (ဉာဏ်ကယူရပါတယ်)၊ မယုံရင်ထောက်ကြည့် ဒါကခန္ဓာ. . . (မှန်ပါ)၊ ခန္ဓာကဖြစ်ပြီးပျက်တော့ အနိစ္စမဟုတ်လား . . . (မှန်ပါ့)၊ ဒါကိုကြည့်လိုက်၊ ကြည့်လိုက်တော့မမြင်လားဗျာ. . . (မြင်ပါတယ်ဘုရား)။

ဟာ. . . မင်းဘာမြင်သတုံးလို့မေးလို့ရှိရင် သူ့မေးကြည့်. . . (အနိစ္စမြင်ပါတယ်)၊ အနိစ္စမြင်တယ်လို့ သူပြောလိမ့်မယ်. . . (မှန်ပါဘုရား)။

## ခမ္ဘကပြောမှအမှန်ရောက်တယ်

အနိစ္စမြင်တယ်လို့သူပြောတော့ သူ့အမည်လားတဲ့ ဒီက အနိစ္စအမည်လားတဲ့. . . (အနိစ္စအမည်ပါ)၊ ဒါဖြင့်ခမ္ဘ

ကပြောမှအမှန်ရောက်တယ်. . . (မှန်ပါ့)၊ ကိုယ်ကမြည်နေရင် . . . (အမှန်မရောက်ပါဘုရား)။

ဒါခွဲချင်လို့ ယနေ့ ဒကာဒကာမတွေကို ပိုမိုပြီးခွဲပေးနေတယ်. . . (မှန်ပါ့)၊ ဓမ္မကပြတာကို ဉာဏ်ကသိမှသာလျှင် အနိစ္စဉာဏ်. . . (မှန်ပါ့)၊ ဓမ္မကဒုက္ခလို့ပြောလို့ ဉာဏ်ကသိရင်. . . (ဒုက္ခဉာဏ်ပါဘုရား)၊ ဓမ္မကအနတ္တပြောလို့ ဉာဏ်ကသိရင်. . . (အနတ္တဉာဏ်ပါဘုရား)။

ဒါဖြင့်. . . ဓမ္မ၏ဆိုင်းဘုတ်ကို ဉာဏ်ပေါ်မှာတင်စားပြီးသကာလ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်ဖြစ်ရပါတယ်. . . (မှန်ပါ့)၊ ဉာဏ်၏ပင်ကိုအမည်ရင်းမဟုတ်ပါ. . (မဟုတ်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဉာဏ်ဆိုတာသိတာပဲရှိတယ်

ဉာဏ်၏ပင်ကိုအမည်ရင်းဟုတ်ကြရဲ့လား. . . (မဟုတ်ပါ)၊ ဉာဏ်ကတော့ နဂိုကဉာဏ်ဆိုတာ ဘာတုံးဆိုလို့ရှိရင် 'ဇာနာတီတိဉာဏံ' ဆိုတဲ့အတိုင်းသိတာပဲ သူရှိတယ်. . . (မှန်ပါ့)။

မင်း. . . ဘာသိသလဲဆိုတော့ အို. . . သူကအနိစ္စပြလို့ကျုပ်အနိစ္စသိတဲ့ဉာဏ်ဖြစ်ပါတယ်. . . (မှန်ပါ့)၊ ဓမ္မကဒုက္ခပြလို့. . . (ဒုက္ခသိပါတယ်ဘုရား)၊ ဒုက္ခသိတဲ့ဉာဏ်ဖြစ်ပါတယ်. . . (မှန်ပါ့)၊ ဓမ္မကအနတ္တပြလို့. . . (အနတ္တဉာဏ်

ဒါဖြင့် ဉာဏ်၏ ပင်ကိုအမည်ရင်းဟုတ်ကြရဲ့လား . . . တဲ့၊ ဒကာဒကာမတို့ ဖောက်ပြန်ပျက်စီးတဲ့ ဓမ္မတို့၏ အမည်ရင်းလားတဲ့. . . (ဖောက်ပြန်ပျက်စီးတဲ့ ဓမ္မတို့၏ အမည်ရင်းပါဘုရား)။

## ရှေးကကိုယ့်ပါးစပ်ကမြည်တဲ့အနိစ္စ

ကဲ. . . ဒါဖြင့် ရှေးကအနိစ္စနဲ့အများကြီးခြားနား တယ်. . . (ခြားနားပါတယ်)၊ ရှေးကအနိစ္စက ကိုယ့်ပါးစပ်က မြည်တဲ့အနိစ္စ. . . (မှန်ပါဘုရား)။

ကိုယ့်ပါးစပ်ကလုပ်ယူတဲ့. . . (ဒုက္ခပါ)၊ ကိုယ့်ပါးစပ် ကလုပ်ယူတဲ့ အနတ္တ. . . (မှန်ပါ)၊ သဘောပါပလား. . . (ပါ ပါပြီ)၊ ဓမ္မကပြောလို့ဟုတ်ပါရဲ့လား. . . (မဟုတ်ပါဘုရား)။

ဓမ္မကပြောလို့မဟုတ်ဘူးဆိုလို့ရှိရင်ဖြင့် သူဟာ ဉာဏ်ကောဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)၊ သညာ ပဲဖြစ်တယ်. . . (မှန်ပါ)။

## သညာပဲဖြစ်သွားတယ်

ဘယ်လိုဖြစ်သလဲ. . . (သညာပဲဖြစ်ပါတယ်)၊ သ ညာပဲဖြစ်သွားတယ်ဆိုတာဖြင့် ဒကာဒကာမတွေ ရှင်း လောက်ပါပြီ. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်. . . ဒကာကြွယ်ရေ ဓမ္မကမပြရင် ဉာဏ်က တစ်ချက်မှခေါင်းမညိတ်နဲ့. . . (မှန်ပါ)၊ တစ်နေ့လုံးထိုင်ကြည့်

နေပြားသော်လဲ ဓမ္မကအနိစ္စတစ်ချက်မှ မပြောလို့ရှိရင် ကိုယ်ကအနိစ္စဉာဏ် တစ်လုံးမှမရဘူး. . . (မရပါဘုရား)။

ဓမ္မနဲ့ ဉာဏ်နဲ့ တည့်လို့ရှိရင် ဒီဉာဏ်တွေသည် အနိစ္စကပြလိုက်တဲ့ဉာဏ်တွေသည် ဒကာဒကာမတို့ အနိစ္စဉာဏ်တွေအများကြီးရတယ်. . . (ရပါတယ်ဘုရား)။

ဥပမာ ဘုန်းကြီးရှင်းပြမယ် ဒကာကြွယ်တို့ ဒကာသစ်တို့ မှတ်ထားပေါ့ ဟိုနားမှာ သံတိုင်ကိုးလုံးစိုက်ထားတယ် (မှန်ပါ့)၊ ကိုးဆိုတာကျုပ်တို့ပါးစပ်ကဖြစ်တာလား၊ သံတိုင်ကြောင့်ကိုးဖြစ်တာလား. . . (သံတိုင်ကြောင့်ကိုးဖြစ်တာပါ)၊ တစ်ဆိုတာလဲသံတိုင်ကြောင့်. . . (မှန်ပါ့)၊ နှစ်ဆိုတာလဲ. . . (သံတိုင်ကြောင့်ပါ)၊ ကိုးဆိုတာလဲ. . . (သံတိုင်ကြောင့်ပါဘုရား)။

ကျုပ်တို့ကကိုးလုပ်ချင်လို့ဖြစ်တာလား. . . (မဟုတ်ပါ)၊ သံတိုင်က တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး. . . ကိုးမို့ ဒကာဒကာမတို့ ကျုပ်မှာကိုးဆိုတဲ့အသိဉာဏ်ပေါ်လာတယ် . . . (မှန်ပါ့)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## အနိစ္စပြမှ အနိစ္စဉာဏ်

ထို့အတူပါပဲတဲ့ ခန္ဓာကအနိစ္စပြမှ အနိစ္စဉာဏ်ရပါတယ်. . . (မှန်ပါ့)၊ ခန္ဓာကဒုက္ခပြမှ. . (ဒုက္ခဉာဏ်ရပါတယ်)၊ ခန္ဓာကအနတ္တပြမှ. . . (အနတ္တဉာဏ်ရပါတယ်ဘုရား)။

ဒါဖြင့် ဟိုကသံတိုင်သဘောကို ဒီကနေရေတွက်ရ

## ဓမ္မကပေးတဲ့ဉာဏ်

ဒါဖြင့် ခန္ဓာကပြတာကို ဒီကဉာဏ်အမည်ပေးရတယ် . . . (မှန်ပါ့)၊ ခန္ဓာကအနိစ္စပြရင် ကျုပ်တို့မှာ ဘာဉာဏ်ရသတုံး. . . (အနိစ္စဉာဏ်ရပါတယ်)၊ ခန္ဓာကဒုက္ခပြရင်. . . (ဒုက္ခဉာဏ်ရပါတယ်ဘုရား)၊ ခန္ဓာကအနတ္တပြလိုက်တဲ့အခါ. . . (အနတ္တဉာဏ်ရပါတယ်ဘုရား)။

ဒါဖြင့်. . . ကိုယ်လုပ်လို့ရတဲ့ဉာဏ်လား၊ ဓမ္မကပေးတဲ့ဉာဏ်လား. . . (ဓမ္မကပေးတဲ့ဉာဏ်ပါဘုရား)။

ဒါကြောင့် ဒကာကြွယ်ရေ. . . ဓမ္မကပေးတဲ့ဉာဏ်သည်သာလျှင် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်တဲ့ဉာဏ်. . . (မှန်ပါ့)၊ ကိုယ့်ဟာကိုယ်လုပ်ယူတဲ့ဉစ္စာတွေကတော့ ဉာဏ်ကိုမဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်မပြတ်နိုင်ဘူး. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါအင်မတန်ရှင်းအောင်လို့လဲ ဒကာကြွယ်ရေ ဥပမာဥပမေယျနဲ့ဟောထားတာပဲ. . . (မှန်ပါ့)၊ ကျေနပ်ကြပလား . . . (ကျေနပ်ပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဦးလှဘူးရေ မမြင်သေးရင် ကိုယ်က အနိစ္စလို့ကိုမရှုနဲ့နော်. . . (မှန်ပါ့ဘုရား)။

ဓမ္မမမြင်သေးရင်. . . (အနိစ္စလို့မရှုပါနဲ့)၊ ဓမ္မပြတာကိုသာလျှင် ကိုယ့်ဉာဏ်ကမြင်ဖို့၊ ဉာဏ်ဟာ ပင်ကိုက ကျုပ်ဟာသိတတ်ပါတယ်. . . (မှန်ပါ့)၊ အမှန်အကန်သိတတ်တာဉာဏ်လို့မဆိုဘူလား. . . (ဆိုပါတယ်ဘုရား)။

## ဒီဉာဏ်မျိုးမှဝိပဿနာဉာဏ်

ဒီဉာဏ်ကို အနိစ္စဉာဏ်လို့ ဆိုင်းဘုတ်ဆွဲရခြင်းသည် အနိစ္စကပြလို့ အနိစ္စဉာဏ်ဖြစ်ရတယ်. . . (မှန်ပါ့)၊ ဒုက္ခက ပြလို့. . . (ဒုက္ခဉာဏ်ဖြစ်ရတယ်)၊ အနတ္တကပြလို့. . . (အနတ္တဉာဏ်ဖြစ်ရပါတယ်ဘုရား)၊ အဲဒီဉာဏ်မျိုးမှ ဝိပဿနာ ဉာဏ်. . . (မှန်ပါ့ဘုရား)။

ဒီဉာဏ်မျိုးမှ. . . (ဝိပဿနာဉာဏ်ပါ)၊ အင်း. . . ဟိုက ပြတာကို ဒီကကြည့်လို့ရှုလို့ဖြစ်တဲ့ဉာဏ်. . . (မှန်ပါ့)၊ ခန္ဓကပြ တာကို ကြည့်လို့ရှုလို့ဖြစ်တဲ့ဉာဏ်ကို ဝိပဿနာဉာဏ်လို့ခေါ် သည်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့်စာကဒီလိုဆိုတယ်ဆိုတာ မပြောကြပါနဲ့. . . (မှန်ပါ့)၊ ခန္ဓကဒီလိုဆိုတယ်လို့ ပြောကြစမ်းပါ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## စာကမှတ်တမ်းသာရှိတာ

တချို့က ကျုပ်မြင်တာ စာနဲ့မတည့်သေးပါဘူးလို့ ဒီလိုမယူပါနဲ့. . . (မှန်ပါ့)၊ စာကဘာမှမဆိုင်ဘူး. . . (မှန်ပါ)၊ စာကမှတ်တမ်းသာရှိတယ်. . . (မှန်ပါ့)၊ ခန္ဓကပြတာကို ဉာဏ်အမည်ပြောင်းရတာကို ထောက်ကြည့်ပါတော့. . . (မှန်ပါ့ဘုရား)။

ခန္ဓကပြတာကို. . . (ဉာဏ်အမည်ပြောင်းရတာကို ထောက်ကြည့်ပါဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ပင်ကိုကသူသိတတ်တဲ့သဘောရှိတယ်၊ သူ့မှာအနိစ္စဆိုင်းဘုတ်ဆွဲစရာမရှိဘူး. . . (မရှိပါဘုရား)၊ ဘယ်နှယ်ကြောင့် သူ့ကိုအနိစ္စဉာဏ်လို့ ဆိုင်းဘုတ်တပ်ဆွဲရသတုံးလို့ မေးတဲ့အခါကျတော့မှ ဓမ္မကအနိစ္စပြလို့ဘုရား၊ ဒီဉာဏ်ဟာ အမည်ပြောင်းသွားပါတယ်. . . (မှန်ပါ့ဘုရား)။

အနိစ္စဉာဏ်လို့ အမည်ပြောင်းသွားတယ်. . . (ပြောင်းသွားပါတယ်)၊ ဒုက္ခဉာဏ်လို့. . . (အမည်ပြောင်းသွားပါတယ်)၊ အနတ္တဉာဏ်လို့. . . (အမည်ပြောင်းသွားပါတယ်)၊ အင်း. . . ဒကာသစ် ဘယ်သူ့ကြောင့် ပြောင်းရတာတုံး. . . (ဓမ္မကြောင့်ပြောင်းရတာပါဘုရား)။

## ဓမ္မကပေးတဲ့ဉာဏ်

ဒါဖြင့်. . . ဓမ္မကပြောင်းလို့ရတဲ့ဉာဏ်ဖြင့် ကိုယ်ရတဲ့ဉာဏ်ဆိုတဲ့ဥစ္စာ ဓမ္မပေးတဲ့ဉာဏ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အင်း. . . ဘယ်သူကပေးတဲ့ဉာဏ်ပါလိမ့်. . . (ဓမ္မကပေးတဲ့ဉာဏ်ပါဘုရား)။

ဒါဖြင့်. . . ဓမ္မကပေးတဲ့ဉာဏ်သာလျှင် ဒကာဒကာမတို့ ခန္ဓာထဲမှာပေါ်သောကြောင့် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ဖြတ်ပါတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

မေတ္တာပေးတဲ့ဉာဏ် ခန္ဓာထဲမရောက်ဘူးလား. . . (ရောက်ပါတယ်)၊ ဒါဖြင့် ဒီဉာဏ်သည် တခြားသောတရားတွေကို တဏှာ၊ ဥပါဒါန်၊ ကံတွေကို ဒကာသစ် မဖြတ်ဘူးလား. . . ဖြတ်သလား. . . (ဖြတ်ပါတယ်)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်မေတ္တာပေးတဲ့ဉာဏ်မှဖြတ်တယ်. . . (မှန်ပါ့)၊ မေတ္တာမပေးတဲ့ဉာဏ်ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဖြတ်ကိုမဖြတ်နိုင်ဘူး. . . (မဖြတ်နိုင်ပါ)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဉာဏ်အမည်ဟာ ပင်ကိုက တစ်လုံးတည်း. . . (မှန်ပါ့)၊ ဉာဏ်ပဲသူ. . . (မှန်ပါ့)၊ သို့သော်သူကပေါ် နှင့်တာလားတဲ့ မေတ္တာအရင်ပေါ် နှင့်တာလား . . . (မေတ္တာအရင်ပေါ် နှင့်တာပါ)၊ ဒါဖြင့် မေတ္တာလုပ်တဲ့ဉာဏ် . . . (မှန်ပါ့)၊ ဒီလိုလဲမှတ်ပါဦး. . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (မေတ္တာလုပ်တဲ့ဉာဏ်ပါ)၊ မေတ္တာလုပ်တဲ့ဉာဏ်. . . (မှန်ပါ့ဘုရား)။

## ဆုတောင်းလို့ရတဲ့ဉာဏ်လား

ကိုယ်ဆုတောင်းလို့ရတဲ့ဉာဏ်လား. . . မေတ္တာပေးတဲ့ဉာဏ်လား. . . (မေတ္တာပေးတဲ့ဉာဏ်ပါ)၊ ဒါဖြင့်ဒကာသစ်၊ဒကာကြွယ်တို့ သွားကုန်ပြီခင်ဗျားတို့ဟာတွေ. . . (မှန်ပါ့ ဘုရား)။

ပါရမီ တစ်စတစ်စ ပြည့်အောင်ပေ့ါဆိုတော့ မလုပ်လဲ မလုပ်ဘဲနဲ့ သူ့ဟာသူပြည့်လာမှာဆိုတော့ ဓမ္မကလဲ ရှုလဲမရှုတော့ ဓမ္မကမပေးဘူး၊ မပေးတော့ ဉာဏ်ညွှန့်တုံးပြီးသကာလ ဒကာဒကာမတို့ ပျောက်ပျက်သွားတာပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဓမ္မကပေးတဲ့ဉာဏ်ကိုဓမ္မကိုရှုပါမှ ဒကာဒကာမတို့ သိတဲ့အတိုင်း ဉာဏ်စစ်ဉာဏ်မှန်ရမယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့်. . . ပါရမီဉာဏ်တွေဟာ ဒကာဒကာမတို့ ကိုယ်ဆုတောင်းယူလို့ရတာလား. . . ဓမ္မကပေးတဲ့တရားလား . . . (ဓမ္မကပေးတဲ့တရားပါဘုရား)။

ပါရမီတစ်စတစ်စပြည့်အောင်တော့ ကျုပ်တို့တော့ ဒီလိုလုပ်ရမှာပဲဆိုတော့ သူ့ဟာသူပြည့်လာတာလား၊ ဓမ္မက ပေးမှပေးမှပြည့်မှာလား. . . (ဓမ္မကပေးမှပြည့်မှာပါဘုရား)။

ဒကာသစ် ဖျောက်တော့. . . ရှေးမူတွေဖျောက်တော့. . . (ဖျောက်ရမှာ)၊ ဒကာကြွယ်ဖျောက်ရမယ်. . . (ဖျောက်ရပါမယ်ဘုရား)။

## ဓမ္မကြောင့်ဖြစ်တဲ့ဉာဏ်

ဒီဉာဏ်ကအလိုလိုလာတဲ့ဉာဏ်လား၊ ဓမ္မလာရင်ရှုမယ်ဆိုတဲ့ ဝီရိယကလေး စိုက်ထားလို့ ဒကာဒကာမတို့ သတိကလေးထားလို့ ဓမ္မလာတဲ့အခါ ဝီရိယနဲ့သတိက အားပေးလိုက်လို့ပေါ် လာတဲ့ဉာဏ်ကိုးဗျ. . . (မှန်ပါ့)၊ သူ့အလိုလို

ပေါ်တဲ့ဉာဏ်လား၊ ဓမ္မကြောင့်ဖြစ်တဲ့ဉာဏ်လား. . . (ဓမ္မကြောင့်ဖြစ်တဲ့ဉာဏ်ပါဘုရား)။

ဒါဖြင့်ပညာပါရမီဆိုတာ ဒကာသစ်ပဲစဉ်းစားပါတော့ အလိုလိုဖြစ်တာလား၊ ဓမ္မရှုမှ ဓမ္မကပေးတာလား. . . (ဓမ္မရှုမှဓမ္မကပေးတာပါဘုရား)။

ဩော်. . . ဒီလိုထိအောင် မသိတဲ့ပုဂ္ဂိုလ်တွေအတွက် ဆရာဘုန်းကြီး အားကြီးခက်တယ်. . . (မှန်ပါ)၊ အားကြီးခက်သွားပြီ မင်းပါရမီဆိုတာ တစ်စတစ်စပြည့်တာပေါ့၊ မင်းဟာမင်းနေကတည်းကဖြစ်တယ်. . . (မှန်ပါ)၊ သူ့ဟာသူနေလို့တော့ ဘယ်နှယ်လုပ်ပြည့်မတုံး. . . (မပြည့်ပါ)၊ ဓမ္မလာတိုင်း ဉာဏ်ရနေလို့ရှိရင်ဖြင့် ပြည့်မှာပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## လောဘစင်၍စက်ဆုပ်ဖွယ်မြင်တယ်

ကိုင်း. . . ဒါဖြင့် အနိစ္စရှုလို့ရှိရင် ဒကာဒကာမတို့ နိဗ္ဗာန်လဲရောက်ပါတယ်. . . (မှန်ပါ)၊ ဒီပြင်ဘာဖြစ်သေးသတုံး ဆိုလို့ရှိရင် လောဘစင်၍ စက်ဆုပ်ဖွယ်မြင်ပါတယ်. . . (မှန်ပါ)။

အနိစ္စရှုလို့ရှိရင်. . . (လောဘစင်၍ စက်ဆုပ်ဖွယ်မြင်ပါတယ်ဘုရား)။

ဒုက္ခရှုရင် ဒေါသစင်၍ ကြောက်ခြင်း၊ လန့်ခြင်းများပါတယ်. . . (မှန်ပါ)။

အနတ္တရယ်လို့ ဉာဏ်ထဲမှာရှိရင် အနတ္တကိုများများ ကြီးမြင်တဲ့ ပုဂ္ဂိုလ်သည် တဏှာ၊ မာန၊ ဒိဋ္ဌိစင်ပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါင်းလိုက်ရင်ဖြစ်ပျက်

ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါင်းလိုက်တဲ့အခါကျတော့ ဒကာဒကာမတို့ ဖြစ်ပျက်ထဲသွားဝင်တယ်. . . (မှန်ပါ့ဘုရား)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါင်းလိုက်ရင်. . . (ဖြစ်ပျက်ထဲသွားဝင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာသစ်တို့၊ ဒကာကြွယ်တို့က စဉ်းစားတာ ပေါ့၊ ဒြော်. . . တို့ ဖြစ်ပျက်တစ်လုံးကိုပိုင်ပိုင်ရှိနေဖို့ အရေးကြီးတယ်. . . (မှန်ပါ့ဘုရား)၊ တရားပြားနေဖို့ အရေးမကြီးပါဘူး. . . (မှန်ပါ့ဘုရား)။

တို့ဖြစ်ပျက်ကို တို့ဉာဏ်နဲ့တည့်နေဖို့သာ၊ ဖြစ်ပျက်လာတိုင်း ဉာဏ်ပေါ်ဖို့အရေးကြီးတယ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

## အသက်တိုတာဘာကြောင့်တုံး

ကိုင်း. . . ဒါဖြင့် မနေ့က သိကြားမင်းကြီးကိုပြောတော့ သိကြားမင်းကြီးက အရှင်ဘုရားတဲ့ လူတွေ ရောဂါအန္တရာယ်များအသက်တိုတာ ဘာကြောင့်တုံးဆိုတော့ ဒကာသစ်ရေ ဣဿာမစ္ဆရိယကြောင့်. . . တဲ့. . . (မှန်ပါ့)။

လူတွေအသက်တိုတယ် ရောဂါများတယ်ဘုရား၊ ဘာကြောင့်ပါလိမ့်မတုံးဆိုတော့. . . (ကြသာမစ္ဆရိယကြောင့် ပါဘုရား)၊ ဒါဟာ ဘုရားကဖြေပြီ. . . (မှန်ပါ့)။

ဒီကြသာမစ္ဆရိယဟာဘုရား ဘယ်ကလာသတုံးဆို တော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး. . . (ချစ်ခြင်း၊ မုန်းခြင်း က လာပါတယ်ဘုရား)၊ ချစ်ခြင်း၊ မုန်းခြင်းက လာတယ်. . . (မှန်ပါ့)။

အရှင်ဘုရား. . . ဒါတော့ရိပ်မိပါပြီ ချစ်ခြင်း၊ မုန်းခြင်း အရှင်ဘုရားပြောလို့ရှင်းပါပြီ၊ ဝိစိကိစ္ဆာတွေသေပါပြီလို့ သူ ပြောတယ်. . . (မှန်ပါ့) အဲဒီချစ်ခြင်းမုန်းခြင်းက ဘယ်ကလာ ပါလိမ့်မလဲဘုရား. . . လို့ဆက်မေးတယ်. . . (မှန်ပါ့)၊ ဘယ်ကလာကြသတုံး. . . (ဆန္ဒကလာပါတယ်ဘုရား)။

## ဘုရားဉာဏ်တော်တွေဝမ်းထဲရောက်လာတာ

အဲဒါ ဘုရားအဖြေတွေ ခင်ဗျားတို့ ပါးစပ်ထဲရောက် နေတာ အင်မတန်အဘိုးတန်နေပြီ. . . (မှန်ပါ့)။

ဘုရားအဖြေတွေ ခင်ဗျားတို့ပါးစပ်ထဲရောက်နေ သောကြောင့် ဒကာဒကာမတွေ ဒီဥစ္စာ ဓမ္မစေတီထိုက်တယ် မှတ်ပါ. . . (မှန်ပါ့)။

ဘုရားဉာဏ်တော်တွေ ကိုယ့်ဝမ်းထဲမှာ ရောက်လာ ကတည်းက ဒီဉာဏ်က ဌာပနာ. . . (မှန်ပါ့)၊ ဒီပြင် အသားတွေအရိုးတွေကအုတ်တွေ. . . (မှန်ပါ့ဘုရား)၊

ဒီဉာဏ်ကဌာပနာဖြစ်သောကြောင့် ခင်ဗျားတို့ မမွေစေတီ ထိုက်တယ်ဆိုတာ မှတ်ပါ. . . (မှန်ပါ့)၊ ခန္ဓာကိုယ်ကိုက စေတီထိုက်တယ်. . . (မှန်ပါ့ဘုရား)၊ ရိပ်မိပြီနော်. . . (ရိပ်မိ ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့်ဆန္ဒဘယ်ကလာသတုံး. . . လို့ ဒကာသစ်တို့အားလုံး တရားတစ်ပွဲလုံး သိကြားက ဘုရားကို မမေးဘူးလားဗျာ. . . (မေးပါတယ်ဘုရား)၊ မေးတော့ ဘုရား ကဘယ့်နှယ်ဖြေသတုံး. . . (ဝိတက်က လာပါတယ်ဘုရား)။

## ခန္ဓာကိုယ်ကစေတီထိုက်တယ်

ကိုင်း. . . ခင်ဗျားတို့ ဒါ. . . နှစ်ရက်၊ သုံးရက်တိုင် တိုင် ဒီတရားကြီးကို နာနေရတဲ့အတွက်. . . တဲ့ ဒကာကြွယ် ရေ ခန္ဓာကိုယ်စေတီထိုက်တာကော သိပလား. . . (သိပါပြီ ဘုရား)။

ဒါကြောင့်မမေ့တဲ့ပုဂ္ဂိုလ်မှာ စေတီထိုက်တယ်. . . (မှန်ပါ့)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒီဝိတက်ကလဲ ဒကာဒကာမတို့ ဘယ်ကလာသတုံး ဘုရားလို့ သိကြားကမေးပြန်တော့လဲ ဘုရားက ပပဉ္စကလာ တယ်လို့မဖြေဘူးလား. . . (ဖြေပါတယ်ဘုရား)၊ သဘောကျ ပလား. . . (ကျပါပြီ)။

ဒကာဒကာမတို့ ဒါ. . . မမေ့အောင်လို့ ဒီကနေ့ သိကြားသိမ်းမည့်နေ့ဖြစ်လို့. . . နော်. . . (မှန်ပါ့)။

ကဲ ဒကာသစ် သွားပါဦး၊ ဒီပပဥ္စကလဲ ဘယ်ကများ လာပါလိမ့်မလဲ. . . (ဝေဒနာသုံးပါးကလာပါတယ်ဘုရား)၊ ရှင်းပြီ. . . (ရှင်းပါပြီဘုရား)။

## ဝေဒနာသုံးမျိုးဖြစ်ပျက်ရှု

ဒါဖြင့် ဝေဒနာသုံးမျိုး ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်လို့ ဝေဒနာတွေ အကုန်အနိစ္စဖြစ်လို့ရှိရင်ဖြင့် ဒီဉာဏ်သည်အနိစ္စ မြင်တဲ့ဉာဏ်၊ ဒုက္ခမြင်တဲ့ဉာဏ်၊ အနတ္တမြင်တဲ့ဉာဏ်သည် တဏှာ၊ မာန၊ ဒိဋ္ဌိ မသေဘူးလား. . . (သေပါတယ်ဘုရား)၊ ဒကာသစ်ရှင်းပြီ. . . (ရှင်းပါပြီဘုရား)။

ဝေဒနာသုံးမျိုး ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဘယ့်နှယ်နေသတုံး. . . (သေပါတယ် ဘုရား)။

## အသက်မတိုတော့ဘူး

တဏှာ၊ မာန၊ ဒိဋ္ဌိသေရင် ဝိတက်ကော ကျန် ဦးမလား . . . (မကျန်ပါဘုရား)၊ ဝိတက်မှမကျန်ဘဲနဲ့ ဆန္ဒကကော . . . (မကျန်ပါဘုရား)၊ ဆန္ဒမရှိဘဲနဲ့ ချစ်ခြင်း၊ မုန်းခြင်းကော . . . (မရှိပါဘုရား)၊ ချစ်ခြင်းမုန်းခြင်းမရှိဘဲနဲ့ ဣဿာမစ္ဆရိယ . . . (မရှိပါဘုရား)၊ ဣဿာမစ္ဆရိယမှ မရှိဘဲနဲ့ ရောဂါများ အသက်တိုကော ရှိနိုင်ပါဦးမလား. . . (မရှိနိုင်ပါ ဘုရား)၊ ဒီလို ပဋိလောမလဲ ပြန်လှည့်ရတယ်. . . (မှန်ပါ့)၊ သဘောကျပ လား. . . (ကျပါပြီဘုရား)။

## ကျေးဇူးအလွန့်အလွန်များတယ်

အင်မတန် ဒကာကြွယ်ရေ. . . ဒကာဒကာမတွေမှာ တော့ ကျေးဇူးများလိုက်တာဖြင့် ပြောစရာမရှိဘူး. . . (မှန်ပါ့)၊ ကျေးဇူးများလိုက်တာဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ခန္ဓာ ကိုယ် စေတီထိုက် နိဗ္ဗာန်လဲရမည့် ပုဂ္ဂိုလ်တွေဖြစ်နေတော့ တယ်ပြီးဒီဥစ္စာ ကျေးဇူးအလွန့်အလွန် များတယ်ဆိုတာ ဦးလှဘူးပေါ်နေပြီ. . . (ပေါ်နေပါပြီဘုရား)၊ မပေါ်လာဘူး လား. . . (ပေါ်လာပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် မနေ့က ဥပေက္ခာဝေဒနာကလေး ကျန်နေတယ်. . . (မှန်ပါ့)။

ဒကာဒကာမတို့ မျက်လုံးကမြင်တယ်ဆိုရင် မြင်ကာ မျှမတ္တ မြင်ရုံကလေး၊ မျက်လုံးဖြင့် မန်ကျည်းရွက်မြင် လိုက်တယ်၊ လိုချင်တာ မလာခင်ကလေးဟာ ဒကာဒကာမ တို့ ဥပေက္ခာကလေး. . . (မှန်ပါ့)။

## ဥပေက္ခာလေးမျိုး

မြင်မြင်ချင်း ဘာတုံး. . . (ဥပေက္ခာပါဘုရား)၊ အသံ ကလေးကြား၊ ကြားကြားချင်းအကောင်းအဆိုး မခွေးခင် ဘာ ဆိုကြမတုံး. . . (ဥပေက္ခာပါဘုရား)။

အနံ့ကလေးဟာ ပုပ်တယ်၊ ညှီတယ်လို့ မခွေးခင် နံနံချင်း ဘာတုံး. . . (ဥပေက္ခာပါဘုရား)။

စားတာကလေးဟာ ဘာဟင်းညာဟင်းမရွေးခင် စားစားချင်းပေါ်တဲ့စိတ်ကလေး ဘာဆိုမလဲ. . . (ဥပေက္ခာပါဘုရား)။

ဩော်. . . ဒါဖြင့် အဲဒီဥပေက္ခာကလေးကိုလဲ ဥပေက္ခာလေးမျိုးလို့ မှတ်ထားလိုက်စမ်းပါ. . . (မှန်ပါ့)။

တစ်ခါ ခင်ဗျားတို့ တရားနာလာကြတယ်၊ တစ်ရပ်တကျေးသွားကြတယ်၊ ကိုယ်ရှာထားတဲ့ပစ္စည်းကလေး၊ အိမ်တွေ တိုက်တွေ တာတွေ ကိုယ်တတ်အားသရွေ့ချမ်းသာတာတွေ ထားပစ်ခဲ့ကြရတယ်. . . (မှန်ပါ့ဘုရား)။

## ဒီစိတ်ကိုဘာစိတ်ခေါ်မလဲ

ထားပစ်ခဲ့ကြတဲ့ အခါကျတော့ ဒီဟာတွေ အာရုံပြုလိုက်သည်နှင့်တစ်ပြိုင်နက်တည်း အို. . . ဘယ်သူယူယူပေါ့၊ ကမ္မဿကာပေါ့. . . (မှန်ပါ့ဘုရား)၊ ဒီစိတ်ကလေးကော မပေါ်ဘူးလား. . . (ပေါ်လာပါတယ်ဘုရား)၊ အဲဒါ ဥပေက္ခာကလေး. . . (မှန်ပါ့ဘုရား)။

ဒီစိတ်ကလေးဟာ ဘာစိတ်ခေါ်မယ်. . . (ဥပေက္ခာပါဘုရား)၊ ကမ္မဿကာပဲ. . . တဲ့၊ ဘယ်သူသေတယ်ကြားတယ် အရပ်မှာ အင်း. . . ကမ္မဿကာပဲ မသွားနိုင်ပါဘူး. . . (မှန်ပါ့)၊ ဘယ်သူဟာဖြင့် သားရတနာ သမီးရတနာ မွေးဖွားသတဲ့၊ အင်း. . . သွားမမေးနိုင်ပါဘူး ကမ္မဿကာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီစိတ်ကလေး ဘာဆိုကြမယ်. . . (ဥပေက္ခာပါ ဘုရား)၊ ဥပေက္ခာဝေဒနာလို့မှတ်လိုက်. . . (မှန်ပါ့)။

အဲဒီတော့ ဥပေက္ခဝေဒနာသည် ဒကာဒကာမတို့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ဝမ်းထဲ. . . (မှန်ပါ့)၊ ငါးခု မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## ဘယ်ဝေဒနာပေါ်ပေါ်ဖြစ်ပျက်ရှု

အဲဒီ ငါးခုကို ဒကာဒကာမတွေက လာတိုင်းလာ တိုင်း ဘယ်ဝေဒနာပေါ်ပေါ် ခင်ဗျားတို့က ဖြစ်ပျက်ရှုပါ. . . (မှန်ပါ့)။

ဝေဒနာငါးခုက လှည့်လာမနော်. . . (မှန်ပါ့)၊ လာ လို့ရှိရင် ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဝေဒနာငါးခုကလဲ တစ်ပြိုင်နက်လာမှာလား ဒကာ သစ်ရေပေါ်ချင်သလိုပေါ်လာမှာလား. . . (ပေါ်ချင်သလိုပေါ်မှာ ပါ)၊ အဲ. . . ပေါ်ချင်သလိုပေါ်တဲ့တရားကလေး ဘာလုပ်ရ မလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ အတွေးကလေးလဲ မှတ်လိုက်ပါဦး၊ သုခ ဝေဒနာပေါ်ရင် ဒုက္ခနဲ့ဥပေက္ခာမရှိဘူး ဝမ်းထဲမှာ. . . (မှန်ပါ့)၊ ဥပေက္ခာတစ်ခုပေါ်နေရင် သုခနဲ့ဒုက္ခ. . . (မရှိပါဘုရား)။

## ပေါ်တာတစ်ခုတည်းရှုရမယ်

သောမနဿဆိုတဲ့ သုခတစ်ခုပေါ်နေရင် ကျန်တဲ့ ဒုက္ခနဲ့ဥပေက္ခာ. . . (မရှိပါ)၊ ဒါဖြင့် တစ်ခုတည်းရှုရမယ်. . . (မှန်ပါ့)၊ ပေါ်တဲ့တစ်ခုတည်းရှုရမယ်. . . (မှန်ပါ့)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ကဲ. . . ယနေ့တော့ဖြင့် ဥပေက္ခာပြရမှာ ဖြစ်နေတော့ ဒကာသစ်ရေ ဥပေက္ခာပေါ်တိုင်းပေါ်တိုင်း ကျုပ်တို့က မဂ္ဂင်နဲ့ရှုရလိမ့်မယ်. . . (မှန်ပါ့)၊ မရှုရဘူးလား. . . (ရှုရပါမယ်ဘုရား)။

ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဥပေက္ခာဝေဒနာဆိုတာသိပြီ. . . (မှန်ပါ့)၊ မရှုမိလို့ရှိရင်ဖြင့် ဥပေက္ခာဝေဒနာပေါ်တယ်. . . (မှန်ပါ့)။

## ဘာပေါ်မှန်းမသိရင် အဝိဇ္ဇာလာတယ်

ကျုပ်တို့ဒကာဒကာမတွေက ဘာပေါ်မှန်းလဲ မသိဘူး . . . (မှန်ပါ့)၊ မသိတော့ အဝိဇ္ဇာလာတံယ်၊ မရှုမိတဲ့ ပုဂ္ဂိုလ်မှာ . . . (မှန်ပါ့ဘုရား)။

အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါ)၊ သင်္ခါရပစ္စယာ. . . (ဝိညာဏံပါ)၊ ဩော်. . . သံသရာဆက်သွားတယ်. . . (မှန်ပါ့)၊ ဒီဘဝသံသရာကနှစ်ခု၊ နောက်သံသရာက. . . (တစ်ခုပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါ. . . ဥပေက္ခာဖြစ်တာပျက်တာ မသိလိုက်တဲ့ ပုဂ္ဂိုလ်မှာ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ. . .၊ ဟိုဘက် ဒုက္ခက္ခန္ဓသယကျအောင် ဒကာသစ်သွားပြီ. . . (သွားပါပြီ)၊ ဒါဘာမရှုမိတာတုံး. . . (ဥပေက္ခာမရှုမိတာပါဘုရား)။

ဥပေက္ခာမရှုမိတဲ့အတွက် ဒကာကြွယ် သံသရာဖြင့်ပစ္စုပ္ပန်ဘဝနဲ့ အနာဂါတ်ဘဝ ဆက်မိသွားပြီ. . . (မှန်ပါ့)၊ မနာဘူးလား. . . (နာပါတယ်ဘုရား)။

နိဗ္ဗာန်ရမှာ ဒုက္ခဆက်နေတယ်. . . (မှန်ပါ့)၊ သိပ်ဆိုးရွားသွားပါလား. . . (ဆိုးရွားသွားပါတယ်)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## အဝိဇ္ဇာမလာအောင်လုပ်ရမယ်

ကဲ. . . ဒါဖြင့် ဒကာသစ်ရေ. . . ဘာလုပ်ရမှာတုံးဆိုတော့ အဝိဇ္ဇာမလာအောင်လုပ်ရလိမ့်မယ်. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ. . . (အဝိဇ္ဇာမလာအောင်လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် မျက်လုံးက မြင်ကာမျှမတ္တကလေး ပေါ်လာလို့ရှိရင် အဲဒီမြင်တာကလေးဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုရလိမ့်မယ်. . . (မှန်ပါ့)။

ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်မဂ်ဆိုတော့ အဝိဇ္ဇာသင်္ခါရလာသေးလား. . . (မလာပါ)၊ အကြောင်းချုပ်ပြီ. . . (မှန်ပါ့)၊ အကြောင်းချုပ်ရင် ဒီဘက် အနာဂါတ်ခန္ဓာဘယ်နှယ်တုံး. . . (ချုပ်ပါတယ်ဘုရား)။

## ဥပေက္ခာပေါ်တိုင်းဖြစ်ပျက်ရှု

အင်း. . . ဒါဖြင့် ဒကာဒကာမတို့ ဥပေက္ခာပေါ်တိုင်း ပေါ်တိုင်းလဲ ဒကာသစ်ဘာလုပ်ရမယ်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုတော့ ဘယ်သူချုပ်ပါလိမ့်ဗျာ. . . (အဝိဇ္ဇာသင်္ခါရချုပ်ပါတယ်)၊ အဝိဇ္ဇာသင်္ခါရချုပ်တယ်. . . (မှန်ပါ့)၊ မချုပ်နဲ့ဆိုလို့ရသေးရဲ့လား. . . (မရပါဘုရား)။

သြော်. . . ဒါဖြင့် ဒကာဒကာမတို့ အဝိဇ္ဇာချုပ်စေချင်လို့ရှိရင်ဖြင့် ဥပေက္ခာရှုရမယ်. . . (မှန်ပါ့)။

အဝိဇ္ဇာချုပ်စေချင်ရင်. . . (ဥပေက္ခာရှုရပါမယ်)၊ ဒါဖြင့် ဒကာကြွယ်ရေ ပဋိစ္စသမုပ္ပါဒ် အစကပြတ်တယ်. . . (မှန်ပါ့)၊ ဘယ့်နှယ်ကြောင့် အစကပြတ်သတုံးမေးတော့ 'အဝိဇ္ဇာပစ္စယာသင်္ခါရာ ကိုးဗျ'. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်အစဟာ အဝိဇ္ဇာကမစလား. . . (စပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်အစကပြတ်တယ်

ကဲ. . . ဥပေက္ခာရှုတဲ့ပုဂ္ဂိုလ်များမှာ ပဋိစ္စသမုပ္ပါဒ် အစကပြတ်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်. . . (အစကပြတ်ပါတယ်)၊ ဒါဖြင့် ဥပေက္ခာလာတိုင်းလာတိုင်း ခုနင်ကပြောတဲ့ ငါးမျိုးရှိတဲ့အနက်

က ဒကာသစ်ရေ လာတိုင်းလာတိုင်းဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဘာချုပ်သတုံး. . . (အဝိဇ္ဇာသင်္ခါရချုပ်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် သံသရာဆက်သေးရဲ့လား. . . (မဆက်ပါ)၊ ပဋိစ္စသမုပ္ပါဒ် အစကပြတ်တယ်. . . (မှန်ပါ့)၊ မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ ဒီလိုပြတ်တော့ ဒီပုဂ္ဂိုလ်ဟာ သံသရာမှာ ဆက်စရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

နေရာကျပြီ. . . (မှန်ပါ့)၊ နေရာကျပြီ ဒကာဒကာမတို့၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆဆက္ကသုတ်မှာ ဟောလိုက်ပါတယ်. . . (မှန်ပါ့)။

ဟော့. . . တဲ့ ဥပေက္ခာဝေဒနာ မရှုဘဲနဲ့ အဝိဇ္ဇာချုပ်လိမ့်မယ်လို့ ငါမဟောဘူးတဲ့. . . (မှန်ပါ့)၊ ဟောကောဟောနိုင်ရဲ့လား. . . (မဟောနိုင်ပါ)၊ အဝိဇ္ဇာမချုပ်ဘဲနဲ့ ဝိဇ္ဇာမဂ်ဉာဏ် ရလိမ့်မယ်လို့လဲ ငါမဟောဘူးတဲ့. . . (မှန်ပါ)၊ ဟောလို့ကော ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ ဒါဝိဇ္ဇာမဂ်ဉာဏ် မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## ဝေဒနာကိုဖြစ်ပျက်ရှုဖြစ်အောင်ရှုပါ

ကောင်းပြီ. . . ဒါဖြင့် ဝေဒနာသုံးပါးကို ရှေးဦးစွာ

ဖြစ်ပျက်မြင်အောင်ရှုပါ. . . (မှန်ပါ့)၊ နောက်ရှုပါများလာတော့ ဒကာသစ် ဘာဖြစ်မတုံး. . . (မုန်းလာမှာပါဘုရား)။

တစ်ခါ မုန်းရာကနေပြီး ဆက်လက်ပြီးရှုပြန်တော့လဲ ဘာဖြစ်သွားမလဲ. . . (ဆုံးသွားပါတယ်ဘုရား)။

ဆုံးသွားတော့ 'ဝေဒနာနံ ခယဝယ ဘိက္ခု၊ နိစ္စတော ပရိနိဗ္ဗုတော' . . . (မှန်ပါ့)၊ သူပရိနိဗ္ဗာန်စံပြီတဲ့. . . (မှန်ပါ့)၊ အယ်သူတုံးဆိုတော့ လောဘ၊ ဒေါသ၊ မောဟချုပ်တဲ့အတွက် ခန္ဓာပင်ရှိငြားသော်လဲ နိဗ္ဗာန်ရောက်ပြီတဲ့. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်သည် ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ မြင်တာသည်. . . (မဂ္ဂသစ္စာပါ)၊ သေတာက. . . (သမုဒယသစ္စာပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ သေပြီးနောက်ခန္ဓာမလာတာတွေက ဘာသစ္စာတုံး. . . (နိရောဓသစ္စာပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သိကြားမင်းသောတာပန်တည်ပြီးစုတိစိတ်ကျ

အဲဒီလိုလဲ ဘုရားကဟောပါရော ဒကာကြွယ်ရေ. . တရားပွဲကြီးထဲမှာ နတ်တွေရော ဘာတွေရော အကုန်အများကြီးမှာ သိကြားက နာလဲနာပြီးလို့ သောတာပန်တည်ပါတယ် . . . (မှန်ပါ့)၊ ဖျတ်ဆို စုတိစိတ်ကျတယ်. . . (မှန်ပါ့)၊ စုတိစိတ်ကျပြီးသကာလသွားတော့ ခန္ဓာပျောက်သွားတယ်. . . (မှန်ပါ့ဘုရား)။

## အရှင်ခန္ဓာအစားထိုးလိုက်တယ်

ခန္ဓာကြီးမရှိတော့ဘူး. . . (မှန်ပ့ါ)၊ နောက် ဒီနေရာမှာ နတ်ခန္ဓာပဲပြန်ပြီးအစားထိုးလိုက်တယ်. . . (မှန်ပ့ါဘုရား)။

ဒါဖြင့် အသေခန္ဓာနောက်က အရှင့်ခန္ဓာ အစားထိုးလိုက်တယ်. . . (မှန်ပ့ါ)၊ အရှင်ခန္ဓာက အစားထိုးတော့ သောတာပန်ခန္ဓာ ဖြစ်သွားတယ်. . . (မှန်ပ့ါဘုရား)။

ဒါဖြင့် သိကြားမင်းကြီး သောတာပန်တည်တာ ဒီအမေး ဒီအဖြေတွေကြောင့် တည်ရတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

## သောတာပန်တည်ပါတယ်

ဒါဖြင့် ဒကာဒကာမတွေ ဒီဝေဒနာသုံးပါးသာ လှည့်ရှုလို့ရှိရင်ဖြင့် သောတာပန်လဲ တည်ပါတယ်. . . (မှန်ပ့ါ)၊ နောက် ခန္ဓာသေပြန်လို့ရှိရင်လဲ သေချင်သေ၊ အထက်မဂ်မရသေးရင် သောတာပန်ပဲပြန်ဖြစ်မယ်. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင်တော်ကြဉီးစို့. . . ။,

သာဓု. . . သာဓု. . . သာဓု